# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ကျောင်းအပ်စကလေးများသည် ကျောင်းအပ်သောအခါ အသက်မပြည့်ပါ က သို့မဟုတ် ၂ လ လိုပါက မြို့နယ်ပညာရေးမှူး လက်မှတ်လိုအပ်ခြင်း၊ ၃ လ လိုပါက ခရိုင်ပညာရေးမှူးထောက်ခံ လက်မှတ်နှင့်အပ်ရခြင်းများ၊ ကျောင်းထွက်လက်မှတ်ယူပါက မြို့နယ်ခြားပြောင်းလျှင် မြို့နယ်ပညာရေးမှူး ထောက်ခံချက်လက်မှတ် ထပ်ဆင့်ယူရခြင်းစသည့် ဟန့်တားချက်များကို ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ဝေးလံခေါင်သီဒေသအဖြစ်သတ်မှတ်၍ ဒေသရှားပါးစရိတ် ခံစားခွင့်ပြုထားသော မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား အဆင့်မြင့်တက္ကသိုလ်ကောလိပ်များနှင့် အဆင့်မြင့်သင်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက် ပေးနေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | အခြေခံပညာ(၁၀)တန်းစာမေးပွဲရမှတ်ဖြင့် တက္ကသိုလ်ဝင်ခွင့် သတ်မှတ်ခြင်းကြောင့် အခြေခံပညာကလေးများ၏ လက်တွေ့ဘဝဖွံ့ဖြိုးမှုကို ထိခိုက်နေခြင်းအပေါ် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | ကျောင်းသားမိဘ နာမည်ကွဲလွဲမှုများဖြစ်ပေါ်နေရာတွင် အမည်မှန်ပြောင်းလဲ ပြင်ဆင်ခွင့်ပြုရန်အတွက် လုပ်ဆောင်ရသော လုပ်ငန်းစဉ်များ ဖြေလျှော့ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်အုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၆၀ ပေ x ၃၀ ပေ) နှစ်ထပ် ကျောင်းဆောင်သစ်ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |

| | | |
|---|---|---|
| ၁၀ | မက်မန်းမြို့နယ်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအဆောက်အဦ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၁ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် Right to Recall ဥပဒေကို မည်သည့်အချိန်တွင် လွှတ်တော်သို့တင်မည်၊ မည်သည့် အတွက်ကြောင့် ယခုကဲ့သို့ ကြန့်ကြာနေရသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၂ | ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း | ၂၇ |
| ၁၃ | ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာခြင်း | ၃၀ |
| ၁၄ | ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy) အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၃၁ |
| ၁၅ | ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၃၈ |
| ၁၆ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၃၈ |
| ၁၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက် ကျင်းပ မည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၅ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ပဥ္စမနေ့ အစီအစဉ်

## [ ၂၈–၁–၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ကျောင်းအပ်စကလေးများသည် ကျောင်းအပ်သောအခါ အသက်မပြည့်ပါက သို့မဟုတ် ၂ လ လိုပါက မြို့နယ်ပညာရေးမှူးလက်မှတ်လိုအပ်ခြင်း၊ ၃ လ လိုပါက ခရိုင် ပညာရေးမှူးထောက်ခံလက်မှတ်နှင့် အပ်ရခြင်းများ၊ ကျောင်းထွက် လက်မှတ်ယူပါက မြို့နယ်ခြားပြောင်းလျှင် မြို့နယ်ပညာရေးမှူး ထောက်ခံချက်လက်မှတ်ထပ်ဆင့်ယူရခြင်းစသည့် ဟန့်တားချက်များ ကို ဖြေလျှော့ပေးရန်အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **ဝေးလံခေါင်သီ ဒေသအဖြစ် သတ်မှတ်၍ ဒေသရှားပါးစရိတ် ခံစားခွင့်ပြုထားသော မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူ**

**များအား အဆင့်မြင့်တက္ကသိုလ်ကောလိပ်များနှင့် အဆင့်မြင့်သင်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၏ **အခြေခံပညာ (၁၀)တန်းစာမေးပွဲရမှတ်ဖြင့် တက္ကသိုလ်ဝင်ခွင့် သတ်မှတ်ခြင်းကြောင့် အခြေခံပညာကလေးများ၏ လက်တွေ့ဘဝဖွံ့ဖြိုးမှုကို ထိခိုက်နေခြင်း အပေါ် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၏ **ကျောင်းသားမိဘ နာမည်ကွဲလွဲမှုများ ဖြစ်ပေါ်နေရာတွင် အမည်မှန်ပြောင်းလဲ ပြင်ဆင်ခွင့်ပြုရန်အတွက် လုပ်ဆောင်ရသော လုပ်ငန်းစဉ်များ ဖြေလျှော့ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်အုပ်စု အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် (၆၀ပေ× ၃၀ပေ) နှစ်ထပ်ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် Right to Recall ဥပဒေကို မည်သည့်အချိန်တွင် လွှတ်တော်သို့ တင်မည်၊ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ကြန့်ကြာနေရသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်က **"ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy)အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
## (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၅ ရက်၊
(၂) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၂၄ ရက်၊
(၃) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁၄ ရက်၊
(၄) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊
(၅) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၂ ရက်၊
(၆) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊
(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ ခွင့် ၅ ရက်၊
(၁၀) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၂ ရက်၊
(၁၁) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၅ ရက်၊
(၁၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၁၃) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊
(၁၄) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၃ ရက်၊
(၁၅) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၁ ရက်၊

(၁၆) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၁၇) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊
(၁၈) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊
(၁၉) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊
(၂၀) ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ခွင့် ၁ ရက်၊
(၂၁) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊
(၂၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၂၃) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊
(၂၄) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၂၅) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၂ ရက်၊
(၂၆) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၂၇) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်နှင့်
(၂၈) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျောင်းအပ်စကလေးများသည် ကျောင်းအပ်သောအခါ အသက်မပြည့်ပါက သို့မဟုတ် ၂ လ လိုပါက မြို့နယ်ပညာရေးမှူးလက်မှတ်လိုအပ်ခြင်း၊ ၃ လ လိုပါက ခရိုင်ပညာရေးမှူးထောက်ခံလက်မှတ်နှင့် အပ်ရခြင်းများ၊ ကျောင်းထွက်လက်မှတ်ယူပါက မြို့နယ်ခြားပြောင်းလျှင် မြို့နယ်ပညာရေးမှူး ထောက်ခံချက်လက်မှတ် ထပ်ဆင့်ယူရခြင်းစသည့် ဟန့်တားချက်များကို ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျောင်းအပ်စကလေးများသည် ကျောင်းအပ်တဲ့အခါမှာ အသက် ၂ လ လိုတဲ့အခါ မြို့နယ်ပညာ ရေးမှူးလက်မှတ်လိုအပ်ခြင်း၊ ၃ လ လိုတဲ့အခါမှာ ခရိုင်ပညာရေးမှူးရဲ့ထောက်ခံချက်လိုအပ်ခြင်းနှင့် အပ်ရခြင်းများ၊ ကျောင်းထွက်လက်မှတ်ယူပါက မြို့နယ်ခြားပြောင်းလျှင် မြို့နယ်ပညာရေးမှူးလက်မှတ် ထပ်ဆင့်ယူရခြင်း စတဲ့ ဟန့်တားချက်များကို ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ့် အတွက်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းမေးမြန်းရခြင်းရဲ့ ရည်ရွယ်ချက်ကို တင်ပြချင်ပါတယ်။ မြို့နယ်ခြား၊ တိုင်းခြား ကျောင်းပြောင်း လက်မှတ်ထုတ်ယူခြင်းနှင့် ဒီအသက်မပြည့်လို့ကျောင်းအပ်ခြင်းများမှာ မြို့နယ်ပညာရေးမှူးများ ထပ်ဆင့်လက်မှတ်လိုအပ်ခြင်း၊ ကန့်သတ်ထားခြင်းဟာ ကျွန်တော်တို့လို ဒီဟုမ္မလင်းမြို့နယ်လို ကြီးမား ကြယ်ပြန့်ပြီးတော့မှ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသ ဒီမြို့နယ်အစွန်အဖျားမှာရှိတဲ့ ကျောင်းသူ ကျောင်းသားများနှင့် မိဘများအတွက်တော့ တကယ့်ကိုအခက်အခဲ၊ အဟန့်အတားဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း ၄၃၂၈.၄၄၈ မိုင်ကျယ်ဝန်းပြီး မြို့သုံးမြို့ နှင့် ကျေးရွာပေါင်း ၃၂၆ ရွာနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့ရဲ့ ဒီချင်းတွင်းမြစ်အထက်ဘက်အစွန်ဆုံး ငဇင်းကျေးရွာအုပ်စုကဆိုရင် မြို့ကနေမိုင်ပေါင်း ၇၀ ကျော် ကွာဝေးပါတယ်။

ချင်းတွင်းမြစ်အောက်ဘက်မှာဆိုလို့ရှိရင် ဒီအစွန်ဆုံးဖြစ်တဲ့ မနော်တာကျွန်းကုန်းအုပ်စုက လည်း ကျွန်တော်တို့မြို့ကနေ ဒါ ၇၀ ကျော်ဝေးကွာပါတယ်။ ဒီဥရုမြစ်ရိုးတစ်လျှောက်ကို ကြည့်မယ်ဆို ရင်လည်း ကျွန်တော်တို့ဟုမ္မလင်းမြို့ကနေ အဝေးဆုံး၊ အစွန်ဆုံးဖြစ်တဲ့ ပါဟုတ်ကြီးပညာရေးဒေသ၊ ဒီနန်မြစ်ပါကလာဒေသဟာဆိုလို့ရှိရင် ဟုမ္မလင်းမြို့ကနေပြီးတော့မှ မိုင်ပေါင်း ၁၅၀ အထိ ဝေးကွာတာ

ဖြစ်ပါတယ်။ အဲဒီ ပါဟုတ်ကြီးပညာရေးဒေသမှာ တက်ရောက်နေကြတဲ့ကလေးများဟာ အလယ်တန်းပညာရေးပြီးလို့ အထက်တန်းပညာရေးကို ဆက်လက်ဆည်းပူးမယ်ဆိုရင် သူတို့နှင့်အနီးဆုံး မြို့နယ်တွင်းက အ.ထ.က(နန်တော)ဖြစ်ပါတယ်။ ဒီ အ.ထ.က(နန်တော)ဟာ ပါဟုတ်ကြီး ဒေသနှင့်မိုင်ပေါင်း ၈ဝ ကျော်ကွာဝေးနေတာဖြစ်ပါတယ်။ သူတို့နဲ့အနီးဆုံး အ.ထ.က ကျောင်းကတော့ ဒီ အ.ထ.က (ဆယ်ဆင်း)ဖြစ်ပြီးတော့ မိုင်ပေါင်း ၁ဝ မိုင်၊ ၁၅ မိုင်လောက်ပဲကွာဝေးပါတယ်။ ဒါပေမဲ့ ဒီ အ.ထ.က(ဆယ်ဆင်း)က ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်အတွင်းမှာတည်ရှိနေတဲ့အတွက် အ.ထ.က (ဆယ်ဆင်း)ကိုပြောင်းရွှေ့နေမယ်ဆိုရင်တောင်မှ မြို့နယ်ပညာရေးမှူးလက်မှတ် လိုတဲ့အတွက် ဟုမ္မလင်းမြို့ကိုလာရမှာဖြစ်ပါတယ်။ ဒီ ဟုမ္မလင်းမြို့ကိုလာမယ်ဆိုရင် နယ်အစွန်အဖျားဒေသကနေပြီးတော့မှ ဟုမ္မလင်းမြို့ကိုလာကြမယ်ဆိုရင် အနည်းဆုံး အသွား တစ်ရက်၊ ကိစ္စဆောင်ရွက်ဖို့ တစ်ရက်၊ အပြန် တစ်ရက် အနည်းဆုံး သုံးရက်ကြာမှာဖြစ်ပြီးတော့မှ အဆင်မသင့်ရင် လေး၊ ငါး၊ ခြောက်ရက်ထိ ကြာပါတယ်။ ခရီးစရိတ်အနေနဲ့ကလည်း အနည်းဆုံး တစ်သိန်းမပါဘဲနဲ့ ဟုမ္မလင်းမြို့ကိုလာလို့ မရပါဘူး။ ဒါကြောင့် သူတို့ကျောင်းပြောင်းလက်မှတ်အတွက် မြို့နယ်ပညာရေးမှူးလက်မှတ် လိုအပ်နေတယ်ဆိုရင် ဒါ သူတို့ကိုယ်စား ကျောင်းအုပ်ဆရာကြီးက တာဝန်ခံလုပ်ပေးမယ်ဆိုရင်လည်း ဒီကျောင်းအုပ်ဆရာကြီးအတွက် ခရီးစရိတ်ကိုတော့ လူမှုရေးအနေနဲ့ထောက်ပေးရမှာသေချာပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းနယ်စွန်မှာရှိတဲ့ ကျေးရွာသူကျေးရွာသားများဟာ ယနေ့အချိန်ထိ ဟုမ္မလင်းကို မရောက်ဖူးတဲ့သူတွေ အများကြီးရှိနေပါသေးတယ်။ ဒီလိုအခက်အခဲတွေကြားကနေပြီးတော့မှ ကျောင်းပြောင်းလက်မှတ်ယူတာ၊ ကျောင်းအပ်တာတွေကို မြို့နယ်ပညာရေးမှူးလက်မှတ်နဲ့မှရမယ်ဆိုပြီး အဟန့်အတားတွေ လုပ်ထားတဲ့အခါမှာတော့ တော်တော့်ကိုခက်ခဲပါတယ်။ ဒီကျောင်းပြောင်းလက်မှတ်ထုတ်ပေးခြင်း၊ ဒီကျောင်းအပ်လက်ခံခြင်းသည် ကျောင်းအုပ်တစ်ယောက်ရဲ့တာဝန်နဲ့ ဝတ္တရားလို့ ကျွန်တော်တို့သိပါတယ်။ ဒီတာဝန်ဝတ္တရားအပေါ်မှာ မြို့နယ်ပညာရေးမှူးထောက်ခံချက် လိုအပ်တယ်ဆိုတဲ့အတွက် ဒီကျောင်းအုပ်တစ်ယောက်ဟာ သူ့ရဲ့တာဝန်ယူမှုမရှိနိုင်ဘူးလားလို့လည်း မေးခွန်းထုတ် စရာဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့လို ကျယ်ပြန့်တဲ့မြို့နယ်အတွင်းမှာရှိတဲ့ နယ်စွန်နယ်ဖျားမှာ နေကြသော ကျောင်းသူကျောင်းသားများနှင့် ကျောင်းသားမိဘများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်ရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ အခြေခံပညာကျောင်းများမှာ ကျောင်းစတင်အပ်ဖို့ဆိုရင် အသက်ငါးနှစ်ပြည့်ရပါတယ်။ အသက်ငါးနှစ်ပြည့်သောကလေးတိုင်းကို KG တန်း၊ ပထမတန်း၊ သူငယ်တန်းမှစတင်၍ ကျောင်းအပ်လက်ခံပါတယ်။ ကျောင်းစတင်အပ်နှံမယ့်ကလေးတွေဟာ အသက်ငါးနှစ်ပြည့်ဖို့လို့အတွက် အရေးကြီးပါတယ်။ အသက်ငါးနှစ်မပြည့်ဘဲ ကျောင်းအပ်လိုတာကတော့ မိဘအုပ်ထိန်းသူတွေရဲ့ဆန္ဒသဘောသာဖြစ်ပါတယ်။ အသက်ငါးနှစ်မပြည့်တဲ့သူတွေထဲက အသက်ငါးနှစ်ပြည့်ဖို့ နှစ်လလိုအပ်တယ်ဆိုရင်တော့ သက်ဆိုင်ရာကျောင်းအုပ်၊ အတန်းပိုင်၊ မူလတန်းအတန်းကိုယ်စားလှယ်တို့ပါဝင်သော ကျောင်းတွင်းစစ်ဆေးရေးအကဲဖြတ်အဖွဲ့မှ သူငယ်တန်းတွင်တက်ရောက်ရန် အဆင်သင့်ဖြစ်မဖြစ် စိစစ်အကဲဖြတ်ပြီး တက်ရောက်ခွင့်ပြုရန်နှင့် အဆင်သင့်ဖြစ်တယ်လို့ဆုံးဖြတ်တယ်ဆိုလို့ရှိရင်တော့ မြို့နယ်ပညာရေးမှူးထံမှာ တင်ပြပြီးအတည်ပြုချက်ရယူဆောင်ရွက်ဖို့လို့အတွက် လိုပါတယ်။ အသက်ငါးနှစ်ပြည့်ဖို့လို့အတွက် သုံးလလိုအပ်တယ်ဆိုရင်တော့ အထက်ပါအစီအစဉ်အတိုင်းဆောင်ရွက်ပြီး ခရိုင်ပညာရေးမှူးထံ တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ဖို့လို့အတွက် လိုပါတယ်။ ဒီလိုတင်ပြအတည်ပြုချက် ရယူဆောင်ရွက်ဖို့ဆိုတာသည် ကျောင်းကိုလျှောက်ထားပြီးတော့မှ တင်ပြပြီးတော့မှ ကျောင်းကနေမှ မြို့နယ်ပညာရေးမှူးထံ သို့မဟုတ် သုံးလလိုအပ်တယ်ဆိုလို့ရှိရင် ခရိုင်ပညာရေးမှူးထံ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ဖို့လို့အတွက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းအပ်လက်ခံတဲ့အခါမှာတော့ အသက်ငါးနှစ်ပြည့်မီသောကလေးတိုင်းကို ကျောင်းအပ်လက်ခံဖို့လို့အတွက် စီစဉ်ဆောင်ရွက်တာဖြစ်တဲ့အတွက် နှစ်လအလိုနှင့်သုံးလအလို လိုအပ်တဲ့ဟာတွေကတော့ ကျောင်းအပ်လက်ခံတဲ့အခါမှာ ကျောင်းတွင်းစစ်ဆေးရေးအကဲဖြတ်အဖွဲ့ရဲ့ စိစစ်မှုဖြင့် အကဲဖြတ်ပြီး ကျောင်းနေရန်အဆင်သင့်ဖြစ်တယ်လို့ဆုံးဖြတ်ပါက ချက်ချင်းလက်ခံသင်ကြားစေပါတယ်။ အဆိုပါ ကလေးများနှင့်ပတ်သက်ပြီး မြို့နယ်ပညာရေးမှူးနှင့် ခရိုင်ပညာရေးမှူးတို့ထံ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ရခြင်းမှာ ရုံးလုပ်ငန်းသဘောတရားအရ နောင်မှာ အရှုပ်အရှင်းမဖြစ်ဘဲ ပွင့်လင်းမြင်သာစွာနှင့်မှတ်တမ်းထားရှိဖို့လို့အတွက် ကျောင်းသားကျောင်းသူတွေရဲ့ သင်ယူမှုအခွင့်အလမ်းကို အနှောင့်အယှက်မဖြစ်စေလိုတဲ့အတွက် ကျောင်းအပ်လက်ခံဖို့လို့အတွက်မှာ အဟန့်အတားမဖြစ်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ၂၀၁၈ ခုနှစ် မေလမှာ ကျောင်းအုပ်ချုပ်မှုသင်တန်းကျောင်း(ထောက်ကြန့်)မှာ ဖွင့်လှစ်ခဲ့တဲ့ ပညာရေးစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းမှစ၍ တိုင်းဒေသကြီး/ပြည်နယ်ခြားပြောင်းသော ကျောင်းထွက်လက်မှတ်(TC)များတွင်သာ မြို့နယ်ပညာရေးမှူးရဲ့ထောက်ခံချက် ထပ်ဆင့်ရေးထိုးရန်လိုအပ်ကြောင်း ညွှန်ကြားထားရှိပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်ခြားပြောင်း(TC)များတွင်မူ မြို့နယ်ပညာရေးမှူးရဲ့ထောက်ခံချက် ထပ်ဆင့်ရေးထိုးရန်မလိုအပ်တော့ပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်း မြို့နယ်ခြားပြောင်း(TC)များအတွက် ကျောင်းအုပ်မရှိဘဲ တာဝန်ခံကျောင်းအုပ်သာရှိတဲ့ကျောင်းများမှ TC များအတွက်ကိုသာ မြို့နယ်ပညာရေးမှူးရဲ့ထပ်ဆင့်ထောက်ခံချက်လက်မှတ်

ရယူဆောင်ရွက်သွားဖို့လို့အတွက် စီစဉ်ဆောင်ရွက်ထားလျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဝေးလံခေါင်သီဒေသအဖြစ်သတ်မှတ်၍ ဒေသရှားပါးစရိတ်ခံစားခွင့်ပြုထားသော မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား အဆင့်မြင့်တက္ကသိုလ်ကောလိပ်များနှင့် အဆင့်မြင့်သင်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ပေးနေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် ပါ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်အစိုးရအမိန့်ကြော်ငြာစာနဲ့ ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ပြီး ဒေသရှားပါးစရိတ်ခံစားခွင့်ပြုထားတဲ့ မြို့နယ်များက တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူများကို အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များနှင့် သင်တန်းများသို့ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မည်ကဲ့သို့စီမံဆောင်ရွက်ပေးနေသည်ကို သိရှိလိုတဲ့အတွက် ပြည်သူ့များရဲ့ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဆင်းရဲတဲ့နိုင်ငံထဲမှာပါဝင်နေတဲ့နိုင်ငံတစ်နိုင်ငံပါ။ ဆင်းရဲတဲ့နိုင်ငံထဲမှာမှ ဝေးလံခေါင်သီဒေသနေပြည်သူများဟာ ပိုပြီးဆင်းရဲကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ စီးပွားရေးအဆင်မပြေမှုတို့ကြောင့် ဝေးလံခေါင်သီနေပြည်သူများဟာ မိမိတို့ရဲ့သားသမီးများကို အဆင့်မြင့်ကျောင်းတွေမှာ မထားနိုင်ကြပါဘူး။ မိမိဒေသမှာရှိတဲ့ကျောင်းတွေမှာပဲ ဖြစ်သလို ကျောင်းထားကြရပါတယ်။ ကျောင်းတွေမှာလည်း ဆရာဆရာမတွေကပြည့်ပြည့်စုံစုံမရှိ၊ သင်ထောက်ကူပစ္စည်းနှင့် ကျောင်းအဆောက်အဦတွေကလည်း ပြည့်ပြည့်စုံစုံမရှိကြတော့ ကျောင်းသူကျောင်းသားတွေဟာ ကြိုးစားကြပေမဲ့ စာမေးပွဲအောင်တဲ့အခါ ရိုးရိုးအောင်ရုံအမှတ်သာရရှိကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်၊ ပြည်မပညာရေးဟာ များစွာကွာခြားနေပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်က ပြည်မက ကိုယ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်းဟာ ၆ ဘာသာဂုဏ်ထူး ၁၂၃ ယောက်၊ ၅ ဘာသာဂုဏ်ထူး ၁၆၃ ယောက်နှင့်အောင်တဲ့အချိန်မှာ ကျွန်တော်တို့ဝေးလံ

ခေါင်သီဒေသနဲ့ ပြည်နယ်တွေမှာ အောင်ချက်ရာခိုင်နှုန်းလုံးဝမရှိတဲ့ကျောင်းပေါင်း ၁၀၀ ကျော်ရှိကြောင်း သိရှိရပါတယ်။ ပြည်နယ်၊ ပြည်မ ပညာရေးကွာဟမှုဟာ ဒီလောက်အထိ မဖြစ်သင့်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးစနစ်က အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းများကို တက်ခွင့်ရဖို့ တက္ကသိုလ်ဝင်တန်းအောင်ရမှတ်နဲ့ သတ်မှတ်ထားတဲ့အတွက် ဝေးလံခေါင်သီဒေသနေကျောင်းသားကျောင်းသူများဟာ ပညာရေးလမ်းကြောင်းပေါ်မှာ လမ်းပျောက်တဲ့အခြေအနေကို ရောက်ရှိနေကြပါပြီ။ ပြည်မက ကျောင်းသားတွေရဲ့ရမှတ်တွေကို ဘယ်လိုမှ ယှဉ်လို့မရပါဘူး။ ပြည်မက ကျောင်းသားတွေဟာ အရည်အချင်းပြည့်တဲ့ဆရာဆရာမတွေနဲ့ သင်ထောက်ကူပစ္စည်းပြည့်ပြည့်စုံစုံနဲ့ သင်ရလို့ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒလို ဘာသာရပ်တွေမှာ အမှတ် ၁၀၀ အပြည့်ရရှိတဲ့ ကျောင်းသူကျောင်းသားတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဝေးလံခေါင်သီဒေသက သင်ကြားပေးနေတဲ့ ဆရာဆရာမတွေကိုယ်တိုင် စာမေးပွဲကို ဝင်ရောက်ဖြေတောင်မှ အမှတ် ၁၀၀ အပြည့်ရဖို့မသေချာပါဘူး။ ဝေးလံခေါင်သီဒေသတွေက ကျောင်းသားကျောင်းသူတွေဟာ ဘယ်လောက်ပဲကြိုးစားကြိုးစား သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒလို ဘာသာရပ်တွေမှာ ရရှိတဲ့ဂုဏ်ထူးအမှတ်ဟာ ၈၀ နှင့် ၈၀ ကျော်ရုံသာရရှိကြပါတယ်။ မြန်မာ၊ အင်္ဂလိပ်နှင့် ဇီဝဗေဒလိုဘာသာရပ်တွေမှာလည်း ၇၅ မှတ်လောက်နဲ့ပဲ ဂုဏ်ထူးရရှိကြပါတယ်။ ဒါကြောင့် ၆ ဘာသာဂုဏ်ထူးထွက်ပေမဲ့ ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မမီကြပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်လောက်ကစပြီး ဝေးလံခေါင်သီဒေသရှားပါး စရိတ်ခံစားခွင့်ပြုထားတဲ့မြို့နယ်တွေက ကျောင်းသားကျောင်းသူတွေကို ဆေးတက္ကသိုလ်၊ တိ/မွေး/ကု တက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်များကို အမှတ်လျှော့ပေါ့ပြီး တက်ရောက်ခွင့်ပြုထားတဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်က ကျွန်တော်တို့မဲဆန္ဒနယ်က ကျောင်းသူတစ်ယောက်ဟာ အမှတ် ၄၃၆ မှတ်နဲ့ ဆေးတက္ကသိုလ်ကို တက်ခွင့်ရခဲ့ပါတယ်။ ဒီနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာလည်း တောင်ကြီးဆေးတက္ကသိုလ်သို့ ကျွန်တော့်မဲဆန္ဒနယ်က သုံးယောက်တက်ခွင့်ပြုတဲ့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဆေးတက္ကသိုလ်ကဲ့သို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်နဲ့ သူနာပြုတက္ကသိုလ်များကိုလည်း ဝေးလံခေါင်သီဒေသက ကျောင်းသူကျောင်းသားတွေ တက်ခွင့်ရအောင် ဆောင်ရွက်ပေးပါလို့ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဝေးလံခေါင်သီဒေသက ကျောင်းသားကျောင်းသူတွေကို ဆေးတက္ကသိုလ်ကို တက်ခွင့်ပြုသလို အမှတ်နှင့်သာတိုက်ရိုက်လျှောက်ပြီး တက်ခွင့်ပြုတဲ့ အဆင့်မြင့်တက္ကသိုလ် ၁၁ ခုနှင့် အဆင့်မြင့်ကောလိပ်သင်တန်းများကိုလည်း တက်ရောက်ခွင့်ရအောင် နိုင်ငံတော်အစိုးရအနေနဲ့ ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးမှ ပြည်နယ်၊ ပြည်မ ပညာရေးကွာဟမှုဟာ နည်းပါးလာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဒီလိုဆောင်ရွက်ပေးမှသာ ဝေးလံခေါင်သီဒေသနေကျောင်းသားကျောင်းသူများဟာ ပညာရေးလမ်းကြောင်းပေါ်မှာရောက်ရှိပြီး နိုင်ငံတော်အတွက် သားကောင်း၊ သမီးကောင်းတွေဖြစ်လာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဝေးလံခေါင်သီဒေသများမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား

ကျောင်းသူများကို အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်သင်တန်းများသို့တက်ရောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)တင်နုအောင်ရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူများအား တက္ကသိုလ်၊ ဒီကရီကောလိပ်၊ ကောလိပ်များသို့ တက်ရောက်သင်ယူနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များ၊ ပညာသင်ဆုများတိုးချဲ့ပေးခြင်း၊ တက္ကသိုလ်ပရဝုဏ်အတွင်း အိပ်ဆောင်၊ ကျောင်းဆောင်များကို တိုးချဲ့ဆောက်လုပ်ပေးခြင်းများဖြင့် နှစ်စဉ်တိုးချဲ့စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝေးလံခေါင်သီဒေသအဖြစ် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသများမှ တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူများအတွက် ပြီးခဲ့တဲ့ကာလအတွင်းမှာ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူ ၁၉ ဦး၊ မန္တလေးနည်းပညာတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူ ၂၁ ဦး၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူ ၁၂ ဦး၊ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူ ၁၅ ဦး၊ နည်းပညာတက္ကသိုလ် ရတနာပုံဆိုက်ဘာစီးတီးတွင် ကျောင်းသားကျောင်းသူ ၂၁ ဦးနှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူ ၁၀ ဦး၊ စုစုပေါင်း ကျောင်းသားကျောင်းသူ ၉၈ ဦးအား တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ မူလဝင်ခွင့်ရမှတ်သတ်မှတ်ချက်များကို အထူးဒေသများအတွက် ဝင်ခွင့်ပေးသည့်အနိမ့်ဆုံးရမှတ်များအဖြစ် ဖြေလျှော့သတ်မှတ်၍ တက်ရောက်ပညာသင်ယူခွင့် ပြုလုပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဝေးလံခေါင်သီသောဒေသများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သောကျောင်းသားကျောင်းသူများအတွက် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းရွေးချယ်ရေးမူအရ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်၍ ပညာရေးကောလိပ်သင်တန်းဝင်ခွင့် လျှောက်ထားသူများကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ထောက်ခံချက်ဖြင့် တက်ရောက်ခွင့်ပြုရန် သက်ဆိုင်ရာပညာရေးကောလိပ်များတွင် သတ်မှတ်ထားသော လက်ခံသင်ကြားပေးမည့်ဦးရေ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ထို့အတူ စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင်လည်း တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ဝင်ခွင့်သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပါက တိုင်းဒေသကြီး၊ ပြည်နယ်ခွဲတမ်းဖြင့် ဝင်ခွင့်ပြုပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်နှင့် တက္ကသိုလ်အချို့တွင်လည်း ဝေးလံခေါင်သီဒေသများမှ လျှောက်ထားသော ကျောင်းသားကျောင်းသူများအတွက်

**မူကြမ်း**

ဘာသာရပ်အသီးသီးတွင် Quota ဖြင့် လက်ခံမည့်ဦးရေ၏ ၂ ရာခိုင်နှုန်းအထိ လက်ခံစီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းဖို့ ဖြစ်ပါတယ်။ ခဏလေးနေဦး။ ဦးစောကျော်ဝင်းမောင် ခဏလေး။ ဟိုမှာ။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်နု(ခ)တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါ။ ယခုလို ပြည်ထောင်စုဝန်ကြီးက ပြည့်ပြည့်စုံစုံဖြေကြား ပေးတဲ့အတွက် ဝန်ကြီးအထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်မဲဆန္ဒနယ်ကို ဝေးလံခေါင်သီဒေသရှားပါးစရိတ်ခံစားခွင့်ပြုထားတဲ့အတွက် ပညာရေးမှာ အခြေအနေသိမ်မဆိုးဘူးလို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ အခြေအနေမကောင်းတာက ကျွန်တော်တို့ရခိုင်ပြည်နယ်နဲ့ ကျန်တဲ့ပြည်နယ်တွေပါ။ ကျွန်တော်တို့ရခိုင်ပြည်နယ်ဟာ နိုင်ငံတော်မှာ ဒုတိယအဆင်းရဲဆုံးပြည်နယ်တစ်ခုပါ။ ဆင်းရဲတဲ့ပြည်နယ်ဖြစ်လို့ ပညာရေးမှာလည်း အလွန်နိမ့်ကျပါတယ်။ ပြည်နယ်က ကျောင်းသားကျောင်းသူတွေဟာ ရိုးရိုးအောင်ဖို့ကို မနည်းကြိုးစားကြရပါတယ်။ ရခိုင် ပြည်နယ်က ၆ ဘာသာဂုဏ်ထူးနဲ့အောင်ဖို့ဆိုတာ သိပ်မလွယ်တဲ့အရာပါ။ ရှားရှားပါးပါး ၆ ဘာသာ ဂုဏ်ထူးနဲ့အောင်တာတောင်မှ ဆေးတက္ကသိုလ်လို တက္ကသိုလ်မျိုးကိုတက်ခွင့်မရတဲ့ကျောင်းသူ ကျောင်းသားတွေ အများကြီးရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်က အမ်းမြို့က ကျောင်းသား တစ်ယောက်နဲ့ သံတွဲမြို့နယ်က ကျောင်းသူတစ်ယောက်တို့ဟာ ၆ ဘာသာဂုဏ်ထူးနဲ့အောင်ပေမဲ့ ဆေးတက္ကသိုလ်တက်ခွင့်မရခဲ့ကြပါဘူး။ ၆ ဘာသာဂုဏ်ထူးနဲ့အောင်တောင်မှ ဆေးတက္ကသိုလ် တက်ခွင့်မရဘူးဆိုရင် ပြည်နယ်တွေမှာ ပညာသင်ကြားနေတဲ့ကျောင်းသားကျောင်းသူတွေ ဘယ်လောက်အထိ စိတ်ထိခိုက်မလဲဆိုတာ စဉ်းစားကြည့်ပါ။ ကျောင်းသားတွေသာမက မိဘများပါ စိတ်ဓာတ်ကျကြပါတယ်။ ကျွန်တော်တို့ရခိုင်ပြည်နယ်တွေလိုပဲ ကျန်တဲ့ပြည်နယ်တွေမှာလည်း ၆ ဘာသာဂုဏ်ထူးထွက်ပြီး ဆေးကျောင်းတက်ခွင့်မရတဲ့ကျောင်းသားကျောင်းသူတွေ အများကြီးရှိ ကြောင်း သိရှိရပါတယ်။ ဒါကြောင့် ပြည်နယ်က ကျောင်းသူကျောင်းသားတွေအတွက် ပြည်နယ်၊ ပြည်မ ပညာရေးကွာဟမှုမရှိအောင် အမှတ်နှင့်တိုက်ရိုက်လျှော့ပြီး တက်ခွင့်ပြုတဲ့ အဆင့်မြင့်တက္ကသိုလ် ၁၁ ခုနှင့် ကောလိပ်သင်တန်းများကို တက်ရောက်နိုင်ရေး၊ နိုင်ငံတော်အစိုးရအနေနဲ့၊ ပညာရေးဝန်ကြီး ဌာနအနေနဲ့ အမှတ်ကို လျှော့ပေါ့ပေးရန် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုနက ကျွန်တော်ဖြေတဲ့အထဲမှာ တင်ပြပြီးဖြစ်ပါတယ်။ Quota ၂ ရာခိုင်နှုန်း ကျောင်းအပ်လက်ခံ နိုင်တဲ့ အရေအတွက်ရဲ့ ၂ ရာခိုင်နှုန်းကို ဝေးလံသောဒေသမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သော

ကျောင်းသားကျောင်းသူများထဲက လျှောက်ထားရင် အဲဒီ ၂ ရာခိုင်နှုန်းမှာ ဖျက်ပြီးတော့ ခေါ်ပေးလျက် ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အခြေခံပညာ(၁၀)တန်းစာမေးပွဲရမှတ်ဖြင့် တက္ကသိုလ်ဝင်ခွင့်သတ်မှတ်ခြင်းကြောင့် အခြေခံပညာ ကလေးများ၏ လက်တွေ့ဘဝဖွံ့ဖြိုးမှုကို ထိခိုက်နေခြင်းအပေါ် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောကျော်ဝင်းမောင်(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ ခန်းမအတွင်းရှိ ဂုဏ်သရေရှိပုဂ္ဂိုလ်အားလုံး မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ကျိုက်မရော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အဖွဲ့ဝင် ဦးစောကျော်ဝင်းမောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ အခြေခံပညာ(၁၀)စာမေးပွဲရမှတ်ဖြင့် တက္ကသိုလ်ဝင်ခွင့်သတ်မှတ်ခြင်းကြောင့် ကလေးများ၏ လက်တွေ့ဘဝဖွံ့ဖြိုးတိုးတက်မှု ထိခိုက်နေခြင်းအပေါ် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အမျိုးသား ပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)မှာဆိုလို့ရှိရင် ကလေးတွေကို အတွေးအခေါ် အယူအဆမှန်ကန် ပြီးတော့ လူ့စွမ်းအားအရင်းအမြစ်တွေကို ပျိုးထောင်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားပညာရေးက ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ထ)မှာ တက္ကသိုလ်တက်ရောက်မှုအတွက် ရွေးချယ်ရန် တာဝန်မရှိဘဲ သက်မွေးပညာရပ် ဖြစ်ဖြစ်၊ အဆင့်မြင့်ပညာရပ်ဖြစ်ဖြစ် အခြေခံလေ့ကျင့်ပေးရန်သာ တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးရည်မှန်းချက် ပုဒ်မ ၃ ပုဒ်မခွဲ(က)(ခ)(ဂ)မှာ ဝေဖန်ပိုင်းခြား အသိဉာဏ်ရှိတဲ့ ကလေးတွေကို ပျိုးထောင်ပေးရမယ်။ အထူးသဖြင့် ဝိဇ္ဇာဘာသာတွဲနှင့်ပတ်သက်တဲ့ ကလေးတွေလည်း အထိုက်အလျောက်ပါဝင်စေရမယ်ဆိုတဲ့ သဘောထားမျိုးနဲ့ ပညာရေးရည်မှန်းချက် မှာ ပြဋ္ဌာန်းအတည်ပြုထားပါတယ်။ ပုဒ်မ ၄ ပုဒ်မခွဲ(ဋ)မှာ တက္ကသိုလ်ဝင်ခွင့်နဲ့ပတ်သက်ပြီး တက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ တက္ကသိုလ်ကို ဝင်ရောက်နိုင်အောင် စိစစ်ရွေးချယ်တဲ့စနစ်ကို ထားရှိမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ၂၀၁၅ ခုနှစ် NLD ရွေးကောက်ပွဲ ပညာရေးကြေညာစာတမ်း အပိုဒ် ၉ မှာ ကျောင်းသားမိဘနဲ့ ရပ်/ကျေးတို့အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့ ပညာရေးဝန်ဆောင်မှုဖြစ်အောင် ဆောင်ရွက်မယ်လို့ ပြဋ္ဌာန်းကြေညာခဲ့ပါတယ်။ အခြေခံပညာရေးရဲ့လက်ရှိအနေအထားမှာ သိပ္ပံ ဘာသာတွဲယူသူများပြီးတော့ ဝိဇ္ဇာနည်းတာတွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဝိဇ္ဇာ ဘာသာတွဲယူတဲ့သူဟာ ၁၁.၈ ရာခိုင်နှုန်းသာရှိပြီးတော့ စိတ်ကြိုက်မြန်မာစာနှင့် တစ်နိုင်ငံလုံးမှာ တစ်ဦးသာ ရှိခဲ့ပါတယ်။ Curricula ဆိုတဲ့ လက်တွေ့ဖွံ့ဖြိုးမှုဘာသာရပ်တွေ ကျောင်းမှာ သင်ကြား မှုနည်းပါးပါတယ်။ နိုင်ငံသားကောင်းတွေဖြစ်ဖို့အတွက် လူ့အဖွဲ့အစည်းအပေါ် ထိခိုက်စေပါတယ်။ စာမေးပွဲရမှတ်ကောင်းရရှိရေးဦးတည်သင်ကြားမှုကြောင့် အလွတ်ကျက်စနစ်ကိုပဲ အားပေးနေတာ တွေ့ရမှာဖြစ်ပါတယ်။ အောင်ချက်ရာခိုင်နှုန်းကြောင့် ကျောင်းသား၊ ဆရာ၊ မိဘအပေါ် သက်ရောက်မှု

ရှိနေပါတယ်။ ပုဂ္ဂလိကကျောင်းတွေ၊ ကျူရှင်တွေကြောင့် မိဘတွေ ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်။ တောင်ပေါ်၊ မြေပြန့်၊ မြို့ပေါ်၊ ကျေးလက် ကွဲပြားခြားနားတဲ့ အရင်းအမြစ်တွေကြောင့်လည်း ရမှတ်တွေကွာခြားနေပါတယ်။ စာစစ်ဦးစီးဌာနဟာ တက္ကသိုလ်ဝင်ခွင့်မေးခွန်းတွေကို တာဝန်ယူဆောင်ရွက်နိုင်မယ့်အနေအထားရှိပုံရပါတယ်။ ဒီမိုကရေစီအစိုးရအုပ်ချုပ်မှုကာလ သုံးနှစ်ခန့်ကြာမြင့်လာပြီဖြစ်ပါတယ်။ နှစ်စဉ် အခြေခံပညာအထက်တန်းဖြေဆိုအောင်မြင်သူ ပျမ်းမျှခြင်း သုံးပုံတစ်ပုံရှိပေမဲ့ အပြင်ရောက်သွားတဲ့ သုံးပုံနှစ်ပုံသောကလေးများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းက အခြေခံပညာစာမေးပွဲ ၁၀ တန်းစာမေးပွဲရမှတ်ဖြင့် တက္ကသိုလ်ဝင်ခွင့် သတ်မှတ်နေခြင်းကြောင့် ကလေးများရဲ့လက်တွေ့ဘဝဖွံ့ဖြိုးမှုထိခိုက်နေခြင်းအပေါ် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်မရောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်ရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေကို စနစ်တကျ ထိထိရောက်ရောက်ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း(Comprehensive Education Sector Review-CESR)ကို ဆောင်ရွက်ပြီး CESR ၏ရလဒ်နှင့် ထောက်ခံအကြံပြုချက်များအပေါ် အခြေခံပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)(National Education Strategic Plan 2016-2021)ကို ရေးဆွဲပြုစုပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်၍ အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရ အခြေခံပညာကဏ္ဍတွင် အခြေခံပညာရေးစနစ်ဟောင်း 11 Schooling Year မှ KG+ 12 စနစ်သစ်ကို သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ ကျောင်းသုံးဖတ်စာအုပ်အသစ်များ၊ ဆရာလမ်းညွှန်စာအုပ်အသစ်များ၊ သင်ထောက်ကူပစ္စည်းများဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဒွါဒသမတန်း(Grade 12)သင်ရိုးအသစ်၊ ကျောင်းသုံးဖတ်စာအုပ်အသစ်၊ ဆရာလမ်းညွှန်စာအုပ်အသစ်များကို အခြေခံပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုဖြင့် ပြီးစီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ စနစ်သစ်ပညာရေးပြုပြင်ပြောင်းလဲမှုများတွင်

ဝိဇ္ဇာဘာသာတွဲနှင့် သိပ္ပံဘာသာတွဲတို့ကို ဟန်ချက်ညီညီ အချိုးညီမျှတရေး ဖွံ့ဖြိုးရေးဘာသာ(တွဲဖက်သင်ရိုးဝင်ဘာသာ)ရပ်များကို သင်ရိုးဝင်ဘာသာရပ်များအဖြစ် သတ်မှတ်သင်ကြားသင်ယူလေ့ကျင့်ရေး၊ စာမေးပွဲရလဒ်ကောင်းရရှိရေးဦးတည်ကာ အလွတ်ကျက်မှတ်မှု အားပေးတဲ့သင်ကြားသင်ယူမှုစနစ်ကနေပြီးတော့မှ တစ်သက်တာသင်ယူနိုင်ရေး(Lifelong Learning)နှင့် စဉ်းစားတွေးခေါ်မှုကို အားပေးသော သင်ကြားသင်ယူမှုစနစ်ကို ကူးပြောင်းဖြစ်ပေါ်လာစေရေးအတွက် ကျောင်းသားကျောင်းသူများ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများရဲ့ပြိုင်ဆိုင်မှုလျှော့ချရေးနှင့် မိဘများရဲ့ပညာရေးနှင့်စပ်လျဉ်းတဲ့ အသုံးစရိတ်ပိုမိုလျှော့ချစေရေးအတွက် ပညာရေးတွင် သာတူညီမျှမှုရှိရေးပိုမိုဖြစ်စေရေးတို့အတွက်ကိုလည်း ဦးတည်ကာ ကြိုးပမ်းပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

တက္ကသိုလ်ဝင်ခွင့်နှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးဥပဒေ အခန်း(၃) ပုဒ်မ ၄ တွင် တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့်တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင်ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့်သာ စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်းမဟုတ်ဘဲ တက်ရောက်လိုတဲ့တက္ကသိုလ်ရဲ့ပဋိညာဉ်စာတမ်းနှင့်အညီ စိစစ်ရွေးချယ်တဲ့စနစ်ထားရှိရေးဟုပြဋ္ဌာန်းပြီးဖြစ်သဖြင့် အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးမူကို လက်ရှိအနေနဲ့ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့မှ နှစ်စဉ်ထုတ်ဝေလျက်ရှိသော တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်နှင့်အညီလည်းကောင်း၊ တက္ကသိုလ်ဝင်ခွင့်စနစ် ပြုပြင်ပြောင်းလဲမှုအရ အချို့တက္ကသိုလ်များက သတ်မှတ်ချက်နှင့်အညီ ဝင်ခွင့်စစ်ဆေး၍လည်းကောင်း၊ လူတွေ့စစ်ဆေး၍လည်းကောင်း၊ အချို့အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များက ဝေးလံခက်ခဲသောဒေသများအတွက် ကျား/မအချိုးညီမျှမှုအတွက် Quota စနစ်ဖြင့် သတ်မှတ်၍လည်းကောင်း ရွေးချယ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များမှာ လက်ရှိပြောင်းလဲနေတဲ့ သင်ရိုးညွှန်းတမ်းအသစ်အရ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်တဲ့ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်မှု၊ တီထွင်ဖန်တီးတတ်မှု၊ ဆန်းသစ်တီထွင်မှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုနှင့် တာဝန်ယူတာဝန်ခံပြီး အကောင်းဆုံးတာဝန်ကျေပွန်အောင်ဆောင်ရွက်တတ်သော Soft Skill များနှင့် ကြိုသက်မွေးအခြေခံတွေကို ရရှိရေးအတွက် သင်ကြားသင်ယူလေ့ကျင့်ပေးလျက်ရှိပါတယ်။ အခြေခံပညာအထက်တန်းအဆင့်ပြီးမြောက်ပြီးနောက် ကျောင်းသားကျောင်းသူများရဲ့လက်တွေ့ဘဝအတွက် သက်မွေးသင်တန်းများ၊ ဘွဲ့ကြိုသင်တန်းများ၊ ဒီပလိုမာသင်တန်းများ တက်ရောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ အဆင့်မြင့်ပညာတက္ကသိုလ်များသို့ တက်ရောက်သင်ယူလိုတဲ့ ကျောင်းသားကျောင်းသူများအနေနဲ့ တက္ကသိုလ်များသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားပြီး သင်ယူခွင့်ရရှိရေးနှင့် သက်မွေးသင်တန်းများအဆင့်အလိုက် ကျွမ်းကျင်မှုသင်တန်းများ၊ ဘွဲ့ကြိုသင်တန်းများ၊ ဒီပလိုမာသင်တန်းများတက်ရောက်ပြီးနောက် အဆင့်မြင့်တက္ကသိုလ်များသို့ တက်ရောက်သင်ယူနိုင်ရေးအတွက် တစ်သက်တာသင်ယူမှုလမ်းကြောင်း(Lifelong Learning Pathway)လည်း ဖန်တီးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

ထို့အပြင် ယခုနှစ်မှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းတွေမှာဖြေဆိုတဲ့ အခြေခံပညာ အထက်တန်းစာမေးပွဲတွေကနေပြီးတော့မှ အောင်မြင်တဲ့သူတွေကို အခြေခံပညာအထက်တန်းသင်ယူ ပြီးမြောက်မှုလက်မှတ်တွေကိုလည်းပဲ ပေးနိုင်ဖို့လို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ Matriculation Exam တွေကတော့ တက္ကသိုလ်ဝင်ခွင့်အတွက် ယှဉ်ပြိုင်ပြီးတော့မှ ဖြေဆိုရတဲ့ စာမေးပွဲတွေ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တက္ကသိုလ်တွေမှာ အများဆုံးနေ့သင်တန်းလက်ခံနိုင် တာသည် ၂၅၀၀၀၀ လောက်ပဲ ကျွန်တော်တို့လက်ခံနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဗြိတိန်နိုင်ငံ Open University နှင့် ပူးပေါင်းပြီးတော့မှ လုပ်ငန်းခွင် ဝင်ရောက်မှုနှင့် ပိုမိုဆက်နွှယ်ဆက်စပ်မှုရှိတဲ့ ပညာရပ်နယ်ပယ်တွေကို အခြေခံပညာအထက်တန်း အဆင့် ပြီးမြောက်အောင်မြင်သော ကျောင်းသားကျောင်းသူတွေကို သင်ကြားသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိနိုင်ဖို့လို့အတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီအစီအစဉ်မှာ Open University ရဲ့ကမ္ဘာ့အဆင့်မီသင်ရိုးညွှန်းတမ်းတွေကို လိုင်စင်ရယူကာ Licensing Courses သင်ကြားပေးနိုင်ဖို့လို့အတွက်ဖြစ်ပြီး အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်အောင်မြင်သူ ကျောင်းသားကျောင်းသူများအနေနဲ့ မိမိနှစ်သက်ရာအသက်မွေးဝမ်းကျောင်းပညာရပ်တွေကို လုပ်ငန်းခွင်မပျက်လည်း သင်ကြားသင်ယူနိုင်မယ့် အခွင့်အလမ်း ပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ နိုင်ငံတကာပညာရေးစနစ်တွေကို လေ့လာမည်ဆိုရင်လည်းပဲ Grade 9 ပြီးလို့ရှိရင် A နှင့် အောင်တဲ့ကျောင်းသားကျောင်းသူတွေသာ သိပ္ပံဘာသာတွဲတွေကို ရွေးချယ်သင်ယူခွင့်ပေးတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ သိပ္ပံဘာသာတွဲတွေကို ယူတဲ့ကျောင်းသားကျောင်းသူတွေ ဟာ A နှင့်အောင်တဲ့ကျောင်းသားကျောင်းသူတွေကလည်း ယူသလို၊ B နှင့်အောင်တဲ့၊ C နဲ့အောင်တဲ့ ကျောင်းသားကျောင်းသူတွေကလည်း ယူနေတာ တွေ့ရတဲ့အတွက် သူတို့အတွက် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုတဲ့အခါမှာ အခက်အခဲတွေ တွေ့နေရတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ High School Completion Certificate ပေးပြီးတဲ့အခါမှာတော့ သင်ယူမှုအခွင့်အလမ်းတွေ ပိုမိုရရှိပေး ဖို့လို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)အရ ဆောင်ရွက်နေသော ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအရ အခြေခံပညာ ကဏ္ဍတွင် ကျောင်းသားကျောင်းသူများ၏လက်တွေ့ဘဝဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် တစ်သက်တာသင်ယူမှုအခွင့်အလမ်းများ(Lifelong Learning Opportunity ပိုမိုရရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အနာဂတ်လူ့စွမ်းအားအရင်း အမြစ်လူငယ်မျိုးဆက်များ နိုင်ငံ့သားကောင်းသမီးမွန်များအဖြစ် ပြုစုပျိုးထောင်သင်ကြားသင်ယူ လေ့ကျင့်ပေးနိုင်ရေးအတွက် အထက်ပါမဟာဗျူဟာစီမံကိန်းပါလုပ်ငန်းစဉ်များအတိုင်း ရည်မှန်းချက် ထားပြီး ဦးတည်ကြိုးပမ်းပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောင်းသားမိဘ နာမည်ကွဲလွဲမှုများဖြစ်ပေါ်နေရာတွင် အမည်မှန်ပြောင်းလဲ ပြင်ဆင်ခွင့်ပြုရန်အတွက် လုပ်ဆောင်ရသော လုပ်ငန်းစဉ်များ ဖြေလျှော့ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ကျောင်းသူကျောင်းသားများ၏ မိဘနာမည်များကွဲလွဲမှုများဖြစ်ပေါ်နေရာတွင် အမည်ပြောင်းလဲပြင်ဆင်ခွင့်ပြုရန်အတွက် လုပ်ဆောင်ရသော လုပ်ငန်းစဉ်များ ဖြေလျှော့ပေးရေးကိစ္စကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျောင်းသားမိဘများ၏အမည်ကို သူငယ်တန်းကျောင်းအပ်စအချိန်က ပေးထားသော အမည်နှင့် အထက်တန်းအဆင့်တွင် မိဘအမည်ပေးသွင်းသည့်အခါ အိမ်ထောင်စုဇယားအမည်နဲ့ ကွဲလွဲမှုရှိနေပါက အမည်ပြောင်းလဲပြင်ဆင်ခွင့် ပြင်ကြရပါတယ်။ အဲဒီလိုအမည်ပြောင်းလဲ ပြင်ဆင်ခွင့်တင်ကြရတဲ့အခါမှာ (၁) ရဲစခန်းထောက်ခံချက်၊ (၂) အမည်မှန်ဖြစ်ကြောင်း ကြော်ငြာသည့် သတင်းစာဖြတ်ပိုင်း၊ (၃) တရားရုံးကျမ်းကျိန်ချက်တို့ကို ပါရှိရပါတယ်။ အဲဒီလိုလုပ်ဆောင်ရတဲ့အချက် ၃ ချက်ဟာ ကျောင်းသားမိဘပြည်သူများအတွက် ဝင်ထုပ်ဝန်ပိုးဖြစ်ရပါတယ်။ စိတ်အနှောင့်အယှက်လည်း ဖြစ်ရပါတယ်။ ဒါက ပြည်သူတင်မြှောက်တဲ့ အစိုးရမဟုတ်သည့်လက်ထက်က ပြည်သူ့မျက်နှာကို မကြည့်ဘဲ သူ့လူသူ့အကြံအဖန်လုပ်ရန် ခွင်ချပေးခြင်းများသာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ လိုအပ်တယ်လို့မယူဆပါဘူး။ ရဲစခန်းထောက်ခံချက်ဆိုရင် ၁၀၀၀ ကျပ်ပေးရပါတယ်။ ကျွန်တော်တို့တာဝန်စယူစဉ် ၂၀၁၆ ခုနှစ်က စခန်းမှူးနှင့်ညှိပြီး ၅၀၀ ကျပ်သာ အလှူခံရန်ပြောထားသော်လည်း တစ်လလောက်ပဲ ၅၀၀ ကျပ်ယူပြီး ယခုအချိန်ထိ ၁၀၀၀ ကျပ် ပဲယူနေပါတယ်။ နောက်သတင်းစာကြော်ငြာဖို့ရာ ၂၅၀၀၀ ကျပ်ကနေ ၃၀၀၀၀ ကျပ်အထိ ကုန်ကျကြပါတယ်။ တရားရုံး ကျမ်းကျိန်ချက်ကတော့ တံဆိပ်ခေါင်း ၅၀၀ ကို ၁၀၀၀ ကျပ် ပေးကြရပါတယ်။ Blue Label၊ Black Label သောက်နိုင်သူများအတွက် ၁၀၀၀၀ ကျပ်တန်ဟာ ဘာမှမဟုတ်ပေမယ့် တစ်နေ့လုပ်တစ်နေ့စား မရှိဆင်းရဲသား တောနေလူတန်းစားများအတွက်ကတော့ ၁၀၀၀ ကျပ်တန်မပြောနဲ့ ၅၀၀ ကျပ်တန်ဆိုရင်ပဲ တန်ဖိုးကြီးလှပါတယ်။ ဒါ့ကြောင့် ကျောင်းသားမိဘများ ကွဲလွဲနေသည့်အမည်နှစ်မျိုးမှာ ယင်းကျောင်းသား၏ မိဘအမည်များပင်ဖြစ်ကြောင်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံစာနှင့် လ.ဝ.က မှလည်း ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်အရ အိမ်ထောင်စုဇယားပါ အိမ်ထောင်ဦးစီးပုဂ္ဂိုလ်သည် ယင်းကျောင်းသား၏ မိဘပင်ဖြစ်ကြောင်း ထောက်ခံရုံမျှနှင့် ပြီးမြောက်နိုင်သည့်ကိစ္စဖြစ်ပါတယ်။ အခုလေးတင်ပဲ ကျွန်တော်သိလိုက်ရတဲ့ ကိုယ်စားလှယ်ကြီးဦးစောကျော်ဝင်းမောင်ရဲ့ Power Point မှာ NLD ရဲ့ ၂၀၁၅ ရွေးကောက်ပွဲကြေညာစာတမ်းမှာပါတဲ့ ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့ပညာရေးစနစ်ကို ကျင့်သုံးပြီဆိုတဲ့သဘောလေးလည်း သိလိုက်ရပါတယ်။ နောက် သက်ဆိုင်ရာဝန်ကြီးက ဖြေကြားတဲ့အခါမှာလည်း ကျောင်းသားမိဘများ အသုံးစရိတ်လျှော့ချရေးကို လုပ်ဆောင်နေတာလည်း သိလိုက်ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျောင်းသားမိဘများ ငွေကုန်ကြေးကျများကာ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် သတင်းစာကြော်ငြာရခြင်းကိစ္စ၊ စိတ်အနှောင့်အယှက်ဖြစ်စေသည့် ရဲစခန်းသွားရခြင်း၊ တရားရုံးသွားရခြင်းကိစ္စများကို ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ မေးမြန်းအပ်ပါတယ်။ ကျွန်တော့ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ၁၀၀၀ ကျပ်တန် ရဲစခန်းထောက်ခံချက်ဖြစ်ပါတယ်။ ဒါကတော့ ၃၀၀၀၀ ကျပ်တန်

သတင်းစာကြော်ငြာဖြတ်ပိုင်း ဖြစ်ပါတယ်။ ဒါကတော့ ၁၀၀၀ ကျပ်တန် တရားရုံးကျမ်းကျိန်ချက် ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်း စီမံခန့်ခွဲရေးမွန်းမံသင်တန်းတွေမှာ အခြေခံပညာကျောင်းအုပ်ကြီးများအတွက် စီမံဘာသာရပ်ဆိုင်ရာပို့ချချက်အခန်း(၇)မှာ ကျောင်းသားကျောင်းသူများရဲ့ အမည်ပြောင်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ပတ်သက်ပြီးတော့မှ လိုအပ်ချက်တွေကို ရှင်းလင်းပို့ချစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မိဘလျှောက်လွှာမူရင်း၊ အမြင့်ဆုံးအတန်းအောင်မြင်ကြောင်း၊ သက်ဆိုင်ရာကျောင်းအုပ်ထောက်ခံစာ အတန်း၊ ခုံအမှတ်၊ ခုနှစ်၊ အိမ်ထောင်စုစာရင်း၊ အမည်ပြင်ဆင်တဲ့သတင်းစာဖြတ်ပိုင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အသက် ၁၀ နှစ်မပြည့်သေး၍ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးပါက မပြုလုပ်ရသေးကြောင်း လူဝင်မှုကြီးကြပ်ရေး၏ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ရာဇဝတ်မှုကင်းရှင်းကြောင်း၊ ယခင်အမည်ဟောင်းအတွက် ရဲစခန်းထောက်ခံချက် စတာတွေလိုပါတယ်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးတဲ့ ကျောင်းသားကျောင်းသူဟောင်းတွေရဲ့ အမည်ပြောင်းခြင်းကိုတော့ ခွင့်မပြုပါဘူး။ အရွယ်ရောက်သော ကျောင်းသားကျောင်းသူတစ်ဦးအနေနဲ့ လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ထောက်ခံစာတောင်းရခြင်းဖြစ်ပါတယ်။ မိဘအမည်ပြောင်းခြင်း၊ ပြင်ဆင်ခြင်းနဲ့ပတ်သက်ပြီးတော့ မိဘလျှောက်လွှာ၊ အတန်းအောင်မြင်ကြောင်း၊ သက်ဆိုင်ရာကျောင်းအုပ်ထောက်ခံစာ၊ ဦး/ဒေါ်အမည်တစ်မျိုးတည်းသာရှိပြီး အခြားအမည်ကွဲမရှိကြောင်းထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုဇယားမူရင်း၊ အမည်ပြင်ဆင်တဲ့သတင်းစာကြော်ငြာ သို့မဟုတ် ၅၀ ကျပ်တန်တံဆိပ်ခေါင်းဖြင့် ကျမ်းကျိန်ချက်၊ လ.ဝ.က ၏ထောက်ခံချက်၊ မိဘ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား စတာတွေလိုတာဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူရဲ့ မိဘအမည်ရင်းမှလွဲ၍ ဆွေမျိုးတော်စပ်သူ အဖိုး၊ အဖွား၊ မိဘအမည်အရင်းနေရာမှာ ပြင်ဆင်ရန်ခွင့်မပြုခြင်းတွေကလည်း နောင်မှာ ပြဿနာတစ်စုံတစ်ရာမဖြစ်ပွားဖို့နှင့် အခက်အခဲပြဿနာများ မလိုလားအပ်သော စီမံခန့်ခွဲရေး၊ တရားဥပဒေဆိုင်ရာဖြစ်ပေါ်နိုင်တဲ့အတွက်ကြောင့်မို့လို့ ခွင့်မပြုရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေရဲ့အနေနဲ့ လူတစ်ဦးရဲ့အမည်ဟာ တစ်ခုတည်းပဲ ကျွန်တော်တို့ ဒါရှိသင့်တာဖြစ်ပါတယ်။ ဟန်းဖုန်းဆိုလည်းပဲ လူတိုင်းသိ နိုင်ငံတကာမှာတော့ တစ်လုံးပဲ ကိုင်ကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေနဲ့လည်း နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ကြတဲ့ ကျောင်းသားကျောင်းသူတို့ရဲ့ အချက်အလက်ဆိုင်ရာ မှတ်တမ်းတွေကို တိကျမှန်ကန်သေသပ်စွာ

သိမ်းဆည်းပြီးတော့မှ လိုအပ်လို့ရှိရင် အချက်အလက်အထောက်အထားတွေကို တိုက်ဆိုင်ပြီးတော့ ပြန်လည်ဆောင်ရွက်ပေးရတာ ဖြစ်တဲ့အတွက် အမည်မှန်ဖြစ်ဖို့လို့အတွက် မိခင်၊ ဖခင်တွေရဲ့ အမည်မှန် ဖြစ်ဖို့လို့ဆိုတာသည် အင်မတန်အရေးကြီးတဲ့ မှတ်တမ်းတွေဖြစ်ပါတယ်။ အခြားဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ နိုင်ငံတကာတက္ကသိုလ်တွေ သွားလို့ရှိရင်လည်းပဲ ကျွန်တော်တို့ကို ဒါ Certificate တွေသည် မှန်/မမှန်ပြန်လည်ပြီးတော့မှ တိုက်ဆိုင်စစ်ဆေးဖို့အတွက်ကိုလည်းပဲ တောင်းတဲ့အခါမှာ အမည်သည်ပြောင်းသွားခဲ့လို့ရှိရင် ဒီဟာတွေသည် တိုက်ဆိုင်စစ်ဆေးတဲ့အခါမှာ အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုတိုက်ဆိုင်စစ်ဆေးပေးထားတဲ့ အချက်အလက်တွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခိုင်လုံတိကျမှန်ကန်တဲ့ မှတ်တမ်းအထောက်အထားတွေပြည့်စုံဖို့လို့အတွက် အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ကျောင်းသားကျောင်းသူတွေရဲ့အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်တွေ ပြင်ဆင်လိုတယ်ဆိုရင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းမထွက်မီ ပြင်ဆင်ရတာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထွက်ပြီးရင်တော့ ကျွန်တော်တို့ ဒီဟာတွေကို ပြင်ဆင်ခွင့် ပြုဖို့လို့အတွက် အခက်အခဲရှိပါတယ်။ အကယ်၍ ပြင်ဆင်ခဲ့ပြီးလို့ နိုင်ငံတကာတက္ကသိုလ်တွေကိုသွားသွား၊ အလုပ်ကိုပဲလျှောက်လို့ဖြစ်ဖြစ် အကယ်၍ အဲဒီအဖွဲ့အစည်းတွေ ဝန်ကြီးဌာနတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ ဒီတက္ကသိုလ်တွေကနေ အထောက်အထားတိုက်ဆိုင်ဖို့လို့ တောင်းလို့ရှိရင် ကျွန်တော်တို့မှာ သူတို့တစ်တွေကို မနစ်နာအောင် ကျွန်တော်တို့တွေက စိစစ်ပေးရတာဖြစ်တဲ့အတွက် ကျွန်တော်တို့တစ်တွေရဲ့အနေနဲ့ ကျောင်းသားကျောင်းသူအမည်၊ မိဘအမည်၊ နာမည်ကွဲလွဲမှုအမှန်ပြောင်းလဲပြင်ဆင်နိုင်ဖို့လို့အတွက်ကို သတ်မှတ်ထားတဲ့ အထောက်အထားတွေနဲ့ တိုက်ဆိုင်စိစစ်ရတာဖြစ်တဲ့အတွက် သတ်မှတ်အထောက်အထားများဖြင့်သာ ကျွန်တော်တို့တစ်တွေသည် ကျောင်းသားကျောင်းသူတွေ ဒီအလုပ်အကိုင်လုပ်မည့်သူတွေ သူတို့တစ်တွေကို ကျွန်တော်တို့က ပံ့ပိုးပေးနိုင်ဖို့လို့အတွက်ကိုသာ အချက်အလက်တွေကို အထောက်အထားပြည့်စုံစွာ သိမ်းဆည်းပြီးတော့မှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရတာဖြစ်တဲ့အတွက်ဖြစ်ကြောင်းမို့လို့ စီစဉ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလို ဖြေကြားပေးတဲ့ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဝန်ကြီးကလည်း အမည်မှန်ဖြစ်ဖို့အရေးကြီးကြောင်းကို အထောက်အထားပေါင်းစုံလုပ်ရတယ်ဆိုတာလည်း တင်ပြသွားပါတယ်။ အဲဒီအထောက်အထားပေါင်းစုံမှာ ကျွန်တော်က ၃ ချက်ပဲဖြေလျှော့ခိုင်းခြင်းဖြစ်ပါတယ်။ ၁၂ ချက်လောက်ရှိတယ်ဆိုတာ ကျွန်တော် အချိန်မလောက်မှာကြောက်လို့ မတင်ပြပဲနဲ့ ဒီ ၃ ချက်လေးဟာဖြင့် စောစောကကျွန်တော်ပြောသလို ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့အတွက် ကျွန်တော်အခုလို မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ကာ အခုလိုပဲ ဒီ ၃ ချက်ကိုမလျှော့နိုင်ဘူးဆိုလည်း နံပတ်(၁)အချက် ၁၀၀၀ လောက်ကုန်တာ ထားလိုက်တော့။ နံပတ်(၂)အချက် ၃၀၀၀၀ လောက်ကုန်

တာကို ကျွန်တော်တို့ ပြန်ဆက်တွေနဲ့ညှိပြီး ၁၀၀၀၀ လောက်ကုန်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ တစ်ဆက်တစ်စပ်တည်းမေးခွန်းအနေနဲ့ မေးခွန်းမေးပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ခင်ဝင်းမေးမြန်းတဲ့မေးခွန်းဟာ ကျန်တဲ့ဝန်ကြီးဌာနနှင့် ဆက်စပ်နေတဲ့မေးခွန်းတွေဖြစ်ပါတယ်။ စောစောက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ကတော့ မေးခွန်းမေးပြီဆိုလို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ သက်သက် သူဖြေဆိုနိုင်တဲ့ အတိုင်းအတာကိုပဲ မိမိအနေနဲ့ မေးမြန်းဖို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီလိုမေးမြန်းခြင်းဟာ သင့်လျော်တယ်လို့မယူဆပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လုပ်နိုင်တဲ့ အနေအထားတွေ၊ လုပ်ပိုင်ခွင့်တွေရှိပါတယ်။ သင့်တော်ရာနည်းလမ်းနှင့် ဒီကိစ္စတွေကို ဆောင်ရွက်သွားဖို့မှာကြားလိုပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားလိုက ဖြေကြားပေးပါရန် ဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းနှင့်ပတ်သက်လို့တော့ ဖြေကြားဖို့အတွက်မရှိပါဘူးခင်ဗျား။ တင်ပြပြီ။ ကျေးဇူးတင်ပါတယ်။

**ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်အုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၆၀ ပေ x ၃၀ ပေ) နှစ်ထပ်ကျောင်းဆောင်သစ်ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမှာကတော့ ကျိုင်းတုံမြို့နယ် မိုင်းခွန်အုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းကျောင်းသားကျောင်းသူများအတွက် အိမ်တွင်းမှုအခန်းများလုပ်လောက်မှုမရှိတော့သဖြင့် ၆၀ ပေ x ၃၀ ပေ နှစ်ထပ်ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်ရန်အတွက် ရန်ပုံငွေခွဲဝေချထားပေးနိုင်ခြင်းရှိ/မရှိ သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ် မိုင်းခွန်အုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သို့ အခြေခံပညာဦးစီးဌာန(နေပြည်တော်)ရဲ့ ၂၄-၅-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ ၁-၈/၁၀၇၅၂/ အဆင့်တိုး ၂၀၁၇ အရ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ မိုင်းခွန်အုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရဲ့ အနီးအနားမှာ အ.မ.က(မူလွန်)ကျောင်းများ၊ အ.မ.ကကျောင်းများအများအပြားရှိပြီး ထိုကျောင်းများမှ အောင်မြင်ပြီး ကျောင်းသူကျောင်းသားများဟာ အလယ်တန်းပညာနဲ့ အထက်တန်းပညာ ဆက်လက်ဆည်းပူးနိုင်ရန်အတွက် မိုင်းခွန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရဲ့ အချက်အခြာကျလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် တစ်နှစ်ထက်တစ်နှစ်ကျောင်းသားဦးရေ တိုးပွားလာလျက်ရှိနေပါတယ်။ တိုးတက်များပြားလာတဲ့ ကျောင်းသားများကြောင့် အိမ်တွင်းမှုအခန်းများနှင့် စာသင်ခန်းများအတွက် ကျောင်းဆောင်သစ်တစ်ဆောင် အမှန်တကယ်

လိုအပ်လျက်ရှိပါတယ်။ မိုင်းခွန်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ ယခင်က အလယ်တန်းကျောင်းသာဖြစ်တဲ့အတွက် အလယ်တန်းအဆင့်ကျောင်းသူကျောင်းသားများအတွက်သာ စာသင်ခန်းများရှိပြီး ယခုလက်ရှိအခြေအနေတွင် လုံလောက်မှုမရှိတော့ပါ။ ထို့ကြောင့် လာမယ့်နှစ်များအတွက် ရည်မှန်းလျက် ၆၀ ပေ x ၃၀ ပေ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် ရန်ပုံငွေခွဲဝေချထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုတဲ့အတွက် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုဖြေကြားခွင့်ပြုဖို့အတွက် လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျိုင်းတုံမြို့နယ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောင်းဆောင်စုစုပေါင်း ၁၁ ခုကို မြို့နယ်ဦးစားပေးအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျိုင်းတုံမြို့နယ်မှ ပန်လီအောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ဒီဟာသည် ပန်လီအောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ အဆောင်(၂)ဖြစ်ပါတယ်။ အဆောင်(၃)ကတော့ ၁၀၀ ပေ x ၂၆ ပေ တစ်ထပ်ဆောင်ဖြစ်ပါတယ်။ အဆောင်(၄)ကတော့ ၁၀၀ ပေ x ၂၆ ပေ တစ်ထပ် အုတ်ညှပ်စာသင်ဆောင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်တန်းကျောင်း(ခွဲ)မှာ ကျောင်းဆောင်စုစုပေါင်း လေးဆောင်ရှိပြီးတော့ ကျောင်းသားကျောင်းသူဦးရေအနေနဲ့ မူလတန်းအဆင့်သင်ယူနေတဲ့ ကျောင်းသားကျောင်းသူ ၁၉၂ ဦး၊ အလယ်တန်းအဆင့်သင်ယူနေသော ကျောင်းသားကျောင်းသူ ၁၉၄ ဦး၊ အထက်တန်းအဆင့် သင်ယူနေသော ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၈ ဦး၊ မူ၊ လယ်၊ ထက် ကျောင်းသားကျောင်းသူစုစုပေါင်း ၄၆၄ ဦး ပညာသင်ယူနေတာကို တွေ့ရပါတယ်။

ကျိုင်းတုံမြို့နယ် ပန်လီအောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ လက်ရှိကျောင်းသားဦးရေနှင့် စာသင်ဆောင်အရ စာသင်ဆောင်ထပ်မံလိုအပ်ပါကြောင်းနှင့် ၆၀ ပေ x ၃၀ ပေ RCC နှစ်ထပ်ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ရန် လိုအပ်တဲ့ရန်ပုံငွေကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့် ရန်ပုံငွေအခြေအနေအပေါ်မူတည်ပြီးတော့ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ပြီး ထည့်သွင်းလျာထားနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိမှသာ ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မက်မန်းမြို့နယ်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအဆောက်အဦ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အာလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်က ဦးတင်အေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းခရိုင်ကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁-၁-၂၀၁၃ ရက်စွဲပါစာအမှတ် (၂၀၀/၂၁-၇၅/ဦး ၁)နဲ့ မက်မန်းမြို့နယ်၊ ပန်ဆန်းမြို့နယ်၊ နားဖန်မြို့နယ်၊ မန်ကန်မြို့နယ်ခွဲတို့နှင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းခရိုင်အနေနဲ့ ခရိုင်အဆင့် ဌာနဆိုင်ရာခြောက်ခု၊ မက်မန်းမြို့နယ်အနေနဲ့ ဌာနဆိုင်ရာ ၂၀ ခုတို့ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို ၁၇-၁၁-၂၀၁၄ ရက်နေ့မှာဖွင့်လှစ်ခဲ့ပြီးတော့ ခရိုင် ရွေးကောက်ပွဲကော်မရှင်ရုံးမှာ ဦးစီးအရာရှိ တစ်ဦး၊ အခြားဝန်ထမ်း နှစ်ဦး၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ရုံးမှာ ဦးစီးအရာရှိ တစ်ဦး၊ အခြားဝန်ထမ်း နှစ်ဦးတို့နဲ့ စတင်ဖွင့်လှစ်ပြီးတော့ တာဝန် ထမ်းဆောင်လျက်ရှိပါတယ်။ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေအနေနဲ့ လက်ရှိ မှာတော့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှာရှိတဲ့ ရုံးခန်းတစ်ခန်းမှာ ခေတ္တဖွင့်လှစ်ထားကာ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီးတော့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေအနေနဲ့ကတော့ မြို့နယ်အထွေထွေအုပ်ချုပ်မှုရုံး ဝန်ထမ်းအိမ်ရာမှာ ခေတ္တတွဲဖက်နေထိုင်လျက်ရှိတာကို တွေ့ရှိရ ပါတယ်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး အဆောက်အဦဆောက်လုပ်ရန်အတွက် မက်မန်းမြို့ မြို့ပတ်လမ်းမှာ မြေဧက ၀.၂၃ ဧက လျာထားသတ်မှတ်ထားပြီးဖြစ်တယ်ဆိုတာကိုလည်း ခရိုင်/မြို့နယ် အဆင့် တာဝန်ရှိသူတွေနဲ့ တွေ့ဆုံစဉ် မှာလည်း သိရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းခန့်အပ်မှုနှင့် ခရိုင်/မြို့နယ်တို့မှာ ရုံးဌာနအဆောက်အဦများနှင့်ပတ်သက်ပြီးတော့ တင်ပြဖို့ အတွက် Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ မက်မန်းခရိုင်အဆင့် ဌာနဆိုင်ရာ ဖွင့်လှစ် ပြီးစီးမှုနှင့် ဝန်ထမ်းအခြေပြဇယားဖြစ်ပါတယ်ခင်ဗျား။ High Light လုပ်ထားတာကတော့ မဖွင့်လှစ်ရသေးတဲ့ ဌာနဆိုင်ရာများဖြစ်ပါတယ်ခင်ဗျား။ မြို့နယ်အဆင့် ဌာနဆိုင်ရာဖွင့်လှစ်ထားရှိမှုနှင့် ဝန်ထမ်းအခြေပြဇယားပဲဖြစ်ပါတယ်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး အဆောက်အဦမှာ တွဲဖက်ပြီးတော့ ဖွင့်လှစ်ထားရှိတဲ့အနေအထားပဲဖြစ်ပါတယ်။ ဒါ မက်မန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးခွဲရဲ့ ဝန်ထမ်းခွင့်ပြုခန့်အင်အားနဲ့ လစ်လပ်နေရာပဲ ဖြစ်ပါတယ်။ ဒါကတော့ အထွေထွေရွေးကောက်ပွဲမှာ မဲရုံဖွင့်လှစ်ပေးမှုနှင့် မဲပေးနိုင်တဲ့စာရင်း ဖြစ်ပါတယ်။ ရပ်ကွက်နှစ်ခုနဲ့ ကျေးရွာအုပ်စု ၁၁ ခုမှာ မဲရုံအရေအတွက် ၄၂ ရုံနဲ့ မဲပေးနိုင်တဲ့ အင်အားဟာဆိုရင် ၁၀၁၂၀ ဦး ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် ရုံးအဆောက်အဦနဲ့ဝန်ထမ်းအိမ်ရာများကလည်း မရှိမဖြစ်လိုအပ်တဲ့ အခန်းကဏ္ဍမှာပါဝင်နေသလို မကြာမီကာလအတွင်းမှာလည်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာ နီးကပ်လာပြီဖြစ်တဲ့အတွက် ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား

စနစ်တကျမှန်မှန်ကန်ကန်နဲ့ ဆောင်ရွက်နိုင်ဖို့ဆိုရင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးတွေ သင်တန်းတွေပို့ချရမှာဖြစ်သလို ဆက်စပ်ဌာနတွေမှာတာဝန်ထမ်းဆောင်ကြမယ့်ဝန်ထမ်းများကိုလည်း ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေ၊ အသိပညာပေးဟောပြောပွဲတွေပြုလုပ်ရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးချင်တဲ့မေးခွန်းကတော့ မက်မန်းမြို့နယ်မှာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိမယ်ဆိုရင်လည်း မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးမည်ကို သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် ဦးသန်းဌေးဖြစ်ပါတယ်။ ဒီကနေ့ ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၏ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ကိုယ်စား ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးကိုအဆောက်အဦအုံကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းဆိုပြီး မေးမြန်းထားတာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ မက်မန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအတွက် ရုံးအဆောက်အဦဆောက်လုပ်ရန် အမှတ်(၁)ရပ်ကွက် မက်မန်း-အေးကျန့်သွားကားလမ်းဘေး မက်မန်းမြို့နယ်ရှိ မြေဧရိယာ ဝ.၂၃ ဧကတွင် မြေနေရာရရှိပြီးဖြစ်ပါသဖြင့် ရုံးဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ ဘဏ္ဍာလျာထားငွေအား တင်ပြတောင်းခံသွားမည်ဖြစ်ပြီးရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ရုံးပိုင်အဆောက်အဦများကို ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောက်လုပ်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦ ၁၄ လုံး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦအလုံး ၄၀ ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦ ၃၈ လုံး စုစုပေါင်းအဆောက်အဦ ၉၂ လုံး ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ ၃၈ ရုံးကို ဆောက်လုပ်ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် Right to Recall ဥပဒေကို မည်သည့်အချိန်တွင် လွှတ်တော်သို့တင်မည်၊ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ကြန့်ကြာနေရသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန် အတွက် တင်ပြအပ်ပါတယ်။ ၆-၂-၂၀၁၈ ရက်နေ့က ပျော်ဘွယ်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက Right to Recall နဲ့ပတ်သက်ပြီးတော့မှ လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ အဲဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က လာရောက်ဖြေကြားခဲ့ပါတယ်။ သူရဲ့ဖြေကြားချက်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာလွှတ်တော်များနှင့်ပူးပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းဆိုပြီး ပါရှိပါတယ်။ တဖန် လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက ဆက်စပ်မေးခွန်းအနေနဲ့ အဲဒီဥပဒေကို ဘယ်အချိန်၊ ဘယ်ကာလမှာ တင်ပြနိုင်မလဲလို့ မေးမြန်းတဲ့အခါမှာ ဦးအောင်မြင့်က ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဥပဒေကြမ်းတစ်ရပ် ရေးဆွဲပြီးဖြစ်ပါကြောင်းလို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။ လက်ရှိ သမ္မတကြီးဦးဝင်းမြင့်ကလည်း အဲဒီအချိန်က သူလွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဖြည့်စွက်ပြောကြားရာမှာ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာ ဆိုင်းငံ့ခဲ့တဲ့ကိစ္စဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်သည်ဆိုတဲ့ အခြေခံမူမပျောက်ရအောင် ၎င်းအနေနဲ့ ရွေးကောက်ပွဲကော်မရှင်ကို ဒီဥပဒေရေးဆွဲဖို့ အကြောင်းကြားခဲ့ပါကြောင်း Rule by Law ကနေ Rule of Law ဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ပေးရန် အသိပေးကြောင်း စသည်ဖြင့် မိန့်မှာခဲ့ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)မှာပါတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်တာဝန်ကနေ ပြန်လည်ရုပ်သိမ်းခြင်းကို စနစ်တကျစီစဉ်ဆောင်ရွက်နိုင်တဲ့အချက်ငါးချက်ဖော်ပြထားပါတယ်။ အဲဒါတွေကတော့ (၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ (၂) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ (၃) အကျင့်သိက္ခာပျက်ပြားခြင်း၊ (၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊ (၅) ဥပဒေအရ ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါတယ်။ အဲဒီအချက်တွေထဲက တစ်ခုခုနဲ့ကိုက်ညီလို့ လွှတ်တော်ကိုယ်စားလှယ်တာဝန်က ရုပ်သိမ်းလိုတယ်ဆိုရင် မဲဆန္ဒရှင် ပြည်သူ တစ်ရာခိုင်နှုန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြနိုင်ပါတယ်။ တင်ပြစာကို လက်ခံရရှိရင် ကော်မရှင်နဲ့ စွပ်စွဲခံရသူကိုယ်စားလှယ်တို့က ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စတွေကို ပုဒ်မခွဲ(ခ)ကနေ (င)အထိ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၇ မှာ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရ မည်လို့ ဖော်ပြပါရှိပါတယ်။ အဲဒီဥပဒေကို ပြဋ္ဌာန်းနိုင်ပြီး ကျင့်သုံးနိုင်မှသာလျှင် အခြေခံဥပဒေပုဒ်မ ၃၆၉ ပုဒ်မခွဲ(ခ)မှာ ပါသလို သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော် ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဆိုတဲ့အချက်ကို အကောင် အထည်ဖော်လို့ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဲဆန္ဒရှင် ပြည်သူတစ်ယောက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ခွင့်ရှိသလို ဥပဒေနှင့်အညီ တာဝန်ကနေ ပြန်လည်ရုပ်သိမ်းခွင့်ကိုလည်း ပေးအပ်ထားခြင်းဖြစ်ပါတယ်။ Mother Law ဖြစ်တဲ့ အခြေခံဥပဒေမှာ ဘယ်လိုပဲဆိုထားပေမဲ့ Implementation လုပ်မယ့်ဥပဒေမရှိတဲ့အတွက် နိုင်ငံသားတွေဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝမရရှိသေးဘူးလို့ အဓိပ္ပာယ် ကောက်ယူနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိစေရန် ဖြည့်ဆည်းပေးနိုင် မယ့် Right to Recall ဥပဒေကြမ်းကို အခြေခံဥပဒေ ကော်မရှင်က ရေးဆွဲပြီးပြီလို့ ၆-၂-၂၀၁၈ ရက်နေ့က ဖြေကြားပေမဲ့ ဒီနေ့ ၁၁ လ ကြာတဲ့အချိန်အထိ လွှတ်တော်ကို တင်သွင်းနိုင်ခြင်း မရှိသေးခြင်းမှာ မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရတယ်။ မည်သည့်ရက်မှာတော့ လွှတ်တော်ကို ဥပဒေကြမ်း တင်ပြမယ်ဆိုတာတွေကို ဖြေကြားပေးနိုင်ဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားရှင်းလင်းခွင့်ပြုပါရန် တောင်းခံအပ် ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ ကြယ်ပွင့်ပြမေးခွန်းမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် Right to Recall ဥပဒေကို မည်သည့်အချိန်တွင် လွှတ်တော်သို့ တင်မည်။ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ကြန့်ကြာနေရသည်ကို သိရှိလိုခြင်း ဆိုပြီး ဖြစ်ပါတယ်။ ဒီကိစ္စနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ရုံးက ၇-၈-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/ပသ(စ ၁)၃/၂၀၁၈ (၁-၉)၁၂ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မေးမြန်းစာ တစ်စောင် ပေးပို့ခဲ့ပါသည်။ ယင်းစာတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၆-၂-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် မှ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဥပဒေကြမ်းတစ်ရပ် ရေးဆွဲပြီးဖြစ်ပါ ကြောင်း ဖြေကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကတိဖြစ်ခဲ့သောကိစ္စဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်အနေဖြင့် ဆောင်ရွက်ထားရှိမှုအား ပြန်ကြားပေးပါရန် လမ်းညွှန်မှုအရ ပေးပို့အပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ဖြေကြားခဲ့သည်မှာ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဖြေကြားခဲ့ခြင်းဖြစ်ပါသည်။ ဦးအောင်မြင့်၏ ဖြေကြားချက် အောက်ဆုံးအပိုဒ်တွင် သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်များနှင့်ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက ၎င်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်ဟူ၍ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၇-၈-၂၀၁၂ နေ့စွဲပါ စာအမှတ်၊ ၃၈/စမ - စည်း(၂)/ကမရ၊ နောက်ထပ်ပြီးတော့ ၂၈-၈-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၃၈/စမ - စည်း(၂)(၂)/ကမရနှင့် ၃-၇-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၃၈/စမ စည်း(၂)(၂၄)/ကမရ တို့ဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါတယ်။ ထိုသို့ပေးပို့ခဲ့သည့်အပေါ် ပြည်ထောင်စုလွှတ်တော်သည် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၁-၇-၂၀၁၅ ရက်နေ့နှင့် ၂၃-၇-၂၀၁၅ ရက်နေ့များတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များက လိုအပ်သည်များကို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးသော်လည်း ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်သည်အထိ ဆောင်ရွက်ခြင်းမပြုနိုင်ဘဲဖြစ်နေသဖြင့် ယင်းဥပဒေကြမ်းကို ဆောလျင်စွာအတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၁၃-၈-၂၀၁၅ ရက်စွဲပါစာအမှတ် ၃၈/စမ စည်း(၂)(၂၉)/ကမရ ဖြင့် ထပ်မံတင်ပြခဲ့ပါသည်။

အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးက ၂၁-၈-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၉ (၁၂၀)/ပထစ - ၂၀၁၅ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံသို့ အကြောင်းပြန်ကြားခဲ့ရာတွင် စာပိုဒ်(၂)၌ အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၈-၈-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခြင်း၊ ၁၉-၈-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်ဟူ၍ ဖော်ပြထားပါသည်။ အဆိုပါစာ၏ စာမျက်နှာ စာပိုဒ်(၃)၌ ဆက်လက်၍ ၂၀-၈-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနှင့် အဋ္ဌမ မြောက်နေ့များ၌ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်း အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆွေးနွေးခြင်းကို ဆိုင်းငံ့ထားရန်အဆိုကို လွှတ်တော်၏ဆန္ဒရယူခဲ့ရာ ထောက်ခံမဲ ၂၆၄ မဲ၊ ကန့်ကွက်မဲ ၂၅၃ မဲ၊ ကြားနေမဲ ၁၂ မဲဖြင့် လွှတ်တော်ကအတည်ပြုဆုံးဖြတ်ခဲ့ပါသည်ဟူ၍ ဖော်ပြပါရှိပါတယ်။ အဆိုပါစာပိုဒ်၏ စာပိုဒ် ၄ ၌ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်မှုကို

ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်အရ ဆိုင်းငံ့ထားပါကြောင်း ပေးပို့အပ်ပါသည်ဟူ၍ ပါရှိပါတယ်။ အဆိုပါပေးပို့စာကို ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက လက်မှတ်ရေးထိုးထားပါတယ်။ ပြည်သူ့လွှတ်တော်ရုံးက ၇-၈-၂၀၁၈ ရက် နေ့စွဲပါစာအမှတ်(၁/ပသ(စ-၁)၃/၂၀၁၈/(၁-၉)-၁၂ ပါစာဖြင့်ပေးပို့လာသည့်အကြောင်းအရာပါကိစ္စမှာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလတွင် ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲကို ရယူ၍ ဆိုင်းငံ့ထားရန် လွှတ်တော်ကအတည်ပြုဆုံးဖြတ်ထားသော ကိစ္စဖြစ်ပါသည်။

ယင်းဆုံးဖြတ်ချက်သည် ယနေ့အထိ အတည်ဖြစ်လျက်ရှိနေပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ တွင် ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရသည်ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။ ထို့ကြောင့် ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်၍ ဆိုင်းငံ့ထားပါကြောင်း ပြန်လည်ပေးပို့ထားသည့် ကိစ္စဖြစ်နေပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုလွှတ်တော်မှ ဆက်လက် လမ်းညွှန်လာပါက ယင်းလမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်သွားရန်ရှိပါကြောင်းဟူ၍ ဖော်ပြလျက် ၃၀-၈-၂၀၁၈ ရက်စွဲပါစာအမှတ် ၂၉/၅ ယပက(၃) ကမယဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ ပြန်ကြားစာ ပေးပို့ထားပြီးလည်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ ယခုမေးမြန်းလာသော ကိစ္စရပ်သည် ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလတွင် ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်၍ ဆိုင်းငံ့ထားပါကြောင်း ဖော်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်ပေးပို့ထားသည့်ကိစ္စရပ်ဖြစ်ပါသောကြောင့် ပြည်ထောင်စုလွှတ်တော်၏ ဆိုင်းငံ့ထားကြောင်း အဆုံးအဖြတ်သည် အတည်ဖြစ်နေဆဲ ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဆိုပါဥပဒေမူကြမ်းကို အသင့်ရေးဆွဲပြီးဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ ဆက်လက်လမ်းညွှန်လာပါက ယင်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလိုပြည့်ပြည့်စုံစုံဖြေကြားပေးတာ ကျွန်တော် ကော်မရှင်အဖွဲ့ဝင်ကို အထူးကျေးဇူးတင်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပထမအကြိမ် ပြည်သူ့လွှတ်တော်မဟုတ်ပါဘူး။ အခုဟာက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်။ ဒါကြောင့် မို့လို့ ကျွန်တော်က ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာမလုပ်နိုင်ခဲ့တဲ့ Voice to Recall ကို အခု ပြည်သူ့ကိုယ်စားလှယ်လို့ ခဏခဏပြောနေကြတဲ့လူတွေအများစုဖြစ်နေကြတဲ့အချိန်မှာ လုပ်မလားလို့ အခု ကျွန်တော်က ဒီဟာက ဦးသောင်းအေးက ပြီးခဲ့တဲ့နှစ်က မေးခဲ့တာ။ ဦးသောင်းအေးမေးတဲ့မေးခွန်းကို အခုဖြေပြီးပြီ။ ဖြေပြီးတဲ့အခါမှာလည်း ဥပဒေကြမ်းရေးဆွဲပြီးပြပြီလို့ ဒီမှာပါပါတယ်။ ဒါ လွှတ်တော်

**မူကြမ်း**

က ကျွန်တော်တို့ကို တရားဝင်ပေးထားတဲ့ Record တွေပါ။ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဥပဒေကြမ်းတစ်ရပ်ရေးဆွဲပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါသည်ဆိုပြီး ဒီလိုအတိအလင်းပါထားတယ်။

အလားတူပဲ နိုင်ငံတော်သမ္မတကြီးကလည်း အဲဒီအချိန်တုန်းက ဥက္ကဋ္ဌတာဝန်ယူခဲ့ပြီးတော့မှ ဒါကိုရေးပေးပါလို့ ကျွန်တော်တို့ကို အတိအလင်းညွှန်ကြားထားတယ်။ ရေးပေးပါဆိုတာ အလကားနေရင်းရေးပေးပြီးတော့မှ ကော်မရှင်ရုံးမှာသိမ်းထားဖို့မဟုတ်ဘူး။ လွှတ်တော်ကိုတင်ဖို့ သမ္မတကြီးကလည်း ကျွန်တော်တို့ကိုရေးခိုင်းတာ။ အဲဒီတော့ လွှတ်တော်ကနေပြီးတော့မှ ပို့ပါဆိုတာမျိုးကို ခင်ဗျားတို့မပြောလို့ မပို့ဘူးဆိုတာကတော့ ဒီဟာကို ကိုယ်စားလှယ်တွေအားလုံးလည်းသိသွားတယ်။ နိုင်ငံတော်လည်း သိသွားတယ်ဆိုတာတော့ ကျွန်တော်ကပြောချင်တယ်။ အဲဒီတော့ ကော်မရှင်ရဲ့တာဝန်က ဘာပဲဖြစ်ဖြစ်၊ ဝန်ကြီးဌာနကပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်တစ်ဦးချင်းကပဲဖြစ်ဖြစ် ဥပဒေကို ကျွန်တော်တို့က ရေးဆွဲခွင့်ရှိတယ်။ သက်ဆိုင်ရာကော်မတီကတစ်ဆင့် တင်ပြခွင့်ရှိတယ်။ အဲဒါကိုတောင်မှ ကော်မရှင်က ကိုယ်ရေးရမယ့်ဥပဒေကြမ်းကို ရေးထားပေးပါလျက်နဲ့ မတင်ဘူးဆိုတာကိုတော့ ကျွန်တော်က ဒီနေရာကနေပြီးတော့မှ ဘာကြောင့်မတင်တာလဲဆိုတော့ ပြည်ထောင်စုလွှတ်တော်က ဒီလိုမျိုးပြောထားလို့။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က ပြောထားတာ။ အခုက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ ဒီဟာက အရင်ပြီးခဲ့တဲ့ဟာသည် Null and Void ဖြစ်သွားတယ်။ Illegible ဖြစ်သွားတယ်လို့ ကျွန်တော်မဆိုလိုဘူး။ ဒါပေမဲ့ ပို့လို့ရှိရင် ဘာဖြစ်လို့ ဒီက လက်မခံရမှာလဲ။ အဲဒီတော့ အခု ခင်ဗျားတို့ ဟိုဘက်က ပြည်ထောင်စုလွှတ်တော်က ခန့်ထားတာမဟုတ်ဘူး။ ဒီဘက် ပြည်ထောင်စုလွှတ်တော်က ခန့်ထားတယ်ဆိုတာ သိဖို့လိုတယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ မပို့ဘူးလား၊ ပို့မှာလား ဒါပဲ ကျွန်တော်တို့က။ ပြည်ထောင်စုလွှတ်တော်ကတော့ ဒီဟာကို ကျွန်တော်တို့မဲခွဲပြီး ပြောဖို့အတွက် ကျွန်တော်တို့က တင်ပြစရာအကြောင်းမရှိပါဘူး။ ခင်ဗျားတို့ ဒီတိုင်းပို့မလား၊ မပို့ဘူးလား ဒါပဲဖြေကြားပေးပါလို့ ကျွန်တော်က ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးသန်းဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆက်စပ်မေးခွန်းအနေနဲ့ ကျွန်တော်တို့ရဲ့ အခုနက ကျွန်တော်ဖတ်ကြားတင်ပြသွားတဲ့အဖြေမှာ ရှင်းရှင်းလင်းလင်းပါဝင်ပြီးဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်ပြီးတော့မှ ဆိုင်းငံ့ထားတဲ့ကိစ္စဖြစ်နေတဲ့အတွက်ကြောင့် ပြည်ထောင်စုလွှတ်တော်၏ဆိုင်းငံ့ထားကြောင်း အဆုံးအဖြတ်ဟာ အတည်ဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်ရဲ့အရာမဟုတ်ပါဘူး။ ပြည်ထောင်စုလွှတ်တော်ရဲ့အရာသာလျှင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့က လွှတ်တော်ကဆုံးဖြတ်ပေးထားတဲ့အဆုံးအဖြတ်ကိုသာလျှင် နာခံလေးစားလိုက်နာရန်ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီမှာ အသင့်ရေးဆွဲထားပြီးဖြစ်ပါကြောင်းဆိုတာလည်း ရှင်းရှင်းလင်းလင်း ကျွန်တော်တို့တင်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့

ဆက်လက်ပြီးတော့ လမ်းညွှန်လာပါလျှင်တော့ အဲဒီလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားဖို့ အဆင်သင့်ဖြစ်နေကြောင်း လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ တစ်ဆက်တစ်စပ်တည်းမှာပဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြောကြားလိုပါတယ်။ ဥပဒေရေးဆွဲပြီးတင်ပြဖို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်က ညွှန်ကြားလို့၊ လမ်းညွှန်မှုပြုလို့ ပြန်လည်တင်ပြရမယ်ဆိုတာ ပြည်ထောင်စုလွှတ်တော်ရဲ့လုပ်ငန်းတာဝန် မဟုတ်ပါဘူး။ သက်ဆိုင်ရာ ဒီဥပဒေကို စီမံခန့်ခွဲရတဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်သာလျှင်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖိတ်ခေါ် ပါတယ်။

**ဦးအောင်သိန်း(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်

အစည်းအဝေးမှ အဌမပုံမှန်အစည်းအဝေးထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှုအစီရင်ခံစာ(၃/၂၀၁၈)ကို ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူ့လွှတ်တော်သည် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအား လွှတ်တော်တွင်ဖြေကြားခဲ့သော မေးခွန်းများ၊ အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ်၌ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ မည်သည့်အခြေအနေထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုရှိ/မရှိတို့ကိုလည်းကောင်းသိရှိနိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့အား တွေ့ဆုံစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။

## ရည်ရွယ်ချက်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာမှ အဌမပုံမှန်အစည်းအဝေးအထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့်အဆိုများအနက်မှ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ယူခဲ့သည့်လုပ်ငန်းများအား မည်သို့မည်ပုံဆောင်ရွက်ထားရှိသည်ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်နှင့်ဆောင်ရွက်ချက်များ

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ၁၅-၁-၂၀၁၈ ရက်နေ့မှ ၂၉-၃-၂၀၁၈ ရက်နေ့ထိ ၃၂ ရက်ကျင်းပပြီး ကော်မတီအစည်းအဝေးကို ၁၅ ကြိမ် ပြုလုပ်ခဲ့ပါသည်။ သတ္တမပုံမှန်အစည်းအဝေးတွင် အဆို ကိုးခု တင်သွင်းခဲ့ရာ အတည်ပြုအဆို နှစ်ခုနှင့် မှတ်တမ်းတင်အဆို ငါးခု၊ မှတ်တမ်းတင်စောင့်ကြည့်အဆို နှစ်ခုရှိခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း ၁၉၁ တွင် ကတိဖြစ်ခဲ့သည့်မေးခွန်းမှာ ၇၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၉၃၁ တွင် ကတိဖြစ်ခဲ့သည်မှာ ၃၁၇ ခု ရှိပါသည်။

ထို့အပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေးကို ၁၄-၅-၂၀၁၈ ရက်နေ့မှ ၂၁-၆-၂၀၁၈ ရက်နေ့ထိ ၁၈ ရက်ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို ၅ ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဌမပုံမှန်အစည်းအဝေးတွင် အဆိုကိုးခု တင်သွင်းခဲ့ရာ အတည်ပြုအဆို လေးခုနှင့်

အတည်မပြုအဆို တစ်ခု၊ မှတ်တမ်းတင်အဆို နှစ်ခု၊ မှတ်တမ်းတင်စောင့်ကြည့်အဆို တစ်ခု၊ ဆွေးနွေးရန်မရှိအဆို တစ်ခုရှိခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း ၁၀၉ ခုတွင် ကတိဖြစ်ခဲ့သည့်မေးခွန်းမှာ ၂၆ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၅၆၆ ခုတွင် ကတိဖြစ်ခဲ့သည်မှာ ၁၃၆ ခု ရှိပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့်အဆိုနှင့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများကို နေ့စဉ်မှတ်တမ်းတွင်စိစစ်ပြီး မေးခွန်းများနှင့် ပတ်သက်၍ စိစစ်ရေးအဖွဲ့၊ အဆိုနှင့်ပတ်သက်သည့် အချက်အလက်များစိစစ်ရေးအဖွဲ့၊ လုပ်ငန်းလက်ကျန်စိစစ်ရေးအဖွဲ့နှင့် တိုင်ကြားစာများစိစစ်ရေးအဖွဲ့တို့မှ ဒီအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိပါသည်။ နောက်ဆက်တွဲ(က)တွင်ဖော်ပြထားပါသည်။ ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးများတွင် အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေပြဇယားကို နောက်ဆက်တွဲ(ခ)ဖြင့်ဖော်ပြထားပါသည်။

ထို့အပြင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ဖြေကြားချက်များကိုလည်း DVD ချပ်ဖြင့် ပူးတွဲဖြန့်ဝေထားပါသည်။ ကတိဖြစ်ခဲ့သည့် လုပ်ငန်းကိစ္စများနှင့်ပတ်သက်၍ မြေပြင်အခြေအနေတွင် ဆောင်ရွက်သည့်အခါ ဖြေကြားချက်နှင့်ကိုက်ညီမှုမရှိခြင်း၊ ကွဲလွဲနေခြင်းနှင့် သတ်မှတ်ချိန်အတိုင်း မပြီးစီးနိုင်ခြင်းစသည့် အချက်များကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ကော်မတီသို့တင်ပြလာပါက ကော်မတီများသည် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံသို့ စာဖြင့်ဆက်သွယ်မေးမြန်းခြင်း၊ (ခ) ကော်မတီသည် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းများအောင်မြင်ပြီးစီးစေရန် ဆောင်ရွက်ပေးခြင်း၊ (ဂ) လိုအပ်ပါက ကော်မတီအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်နှင့်အညီ သက်ဆိုင်ရာနယ်မြေဒေသသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်ဘတ်ဂျက်ဖြင့်ဆောင်ရွက်နေသည့် စီမံကိန်းနှင့် လွှတ်တော်တွင်ကတိဖြစ်ခဲ့သည့် ဆောင်ရွက်ရမည့် အာမခံချက်များ၊ လုပ်ငန်းများနှင့်ပတ်သက်၍ (က) ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေ၊ (ခ) ရာနှုန်းပြည့်ပြီးစီးသည့်အခြေအနေတို့တွင် ကော်မတီသည် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၉၆ နှင့် ပုဒ်မ ၉၈ တို့အရ သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိ/မရှိနှင့် ထိရောက်မှန်ကန်စွာဆောင်ရွက်ထားခြင်းရှိ/မရှိတို့ကို စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာ၊ ဒေသသို့ သွားရောက်စစ်ဆေးလျက်ရှိပါသည်။ ကော်မတီသည် ကာကွယ်ရေးဝန်ကြီးဌာန အရအသုံးဘတ်ဂျက်ကို စိစစ်ရသည့်အတွက် စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံမှအပ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိစက်ရုံအချို့ကို သွားရောက်လေ့လာကြည့်ရှုခွင့်ရရှိခဲ့ပါသည်။

**မူကြမ်း**

ထို့ကြောင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် သာစည်မြို့နယ်၊ လှိုင်းတက် တပ်မတော်ဖိနပ်ချုပ်စက်ရုံနှင့် မိတ္ထီလာမြို့နယ်ရှိ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံများသို့ သွားရောက်လေ့လာခဲ့ပြီး တွေ့ရှိချက်နှင့်အကြံပြုချက်များကို လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြနိုင်ခဲ့ပါသည်။

**သုံးသပ်ချက်**

လွှတ်တော်တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားချက်သည် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကိုယ်စားပြုသည်ဟုဆိုသော်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရကိုယ်စား ဖြေကြားချက်များပေါ်တွင်လည်း ကိုယ်စားပြုဖြေကြားပေးသည့်ဝန်ကြီးဌာနမှ တာဝန်ယူ၊ တာဝန်ခံ ပေးရန်လိုအပ်ပါသည်။ ဆောင်ရွက်ဆဲလုပ်ငန်းများပြားနေခြင်းမှ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းတစ်ခုတည်းပေါ်တွင် လုပ်ငန်းတစ်ခုထက်ပို၍ မေးမြန်းထားသည့်အတွက် ဝန်ကြီးဌာနများက ကတိအတိုင်းဆောင်ရွက်ရာတွင် တချို့သောလုပ်ငန်းများက ရာနှုန်းပြည့်ပြီးစီးသွားသော်လည်း အချို့သောလုပ်ငန်းများမှာ ရာနှုန်းပြည့်မပြီးစီးသည့်အခြေအနေမျိုးဖြစ်ပေါ်နေသည့်အတွက်ကြောင့် ကော်မတီကဆောင်ရွက်ဆဲမို့ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာကို ရည်ညွှန်းသည့်မေးမြန်းချက်၊ ဌာနဆိုင်ရာဝန်ထမ်း ဖွဲ့စည်းပုံဇယားနှင့်ပတ်သက်သည့် မေးမြန်းချက်နှင့်ရေရှည်ဆောင်ရွက်သွားမည့် မေးမြန်းချက်များကို သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကဆောင်ရွက်ရာတွင် တစ်ကြိမ် တစ်ခါတည်းဖြင့်ပြီးပြတ်သွားသည်မဟုတ်တဲ့အတွက် ကော်မတီအနေဖြင့်ဆောင်ရွက်ဆဲ လုပ်ငန်းကျန် ဟုသာ ဆောင်ရွက်ထားရှိ ပါသည်။

**အကြံပြုချက်**

ကော်မတီအနေဖြင့် လွှတ်တော်သို့ အစီရင်ခံစာတင်ပြနိုင်ရန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံညှိနှိုင်းရာတွင် အချိန်ကုန်သက်သာပြီး ထိရောက်သည့်နည်းလမ်းကို ကြိုးစားလုပ်ဆောင်နေသလို သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ကတိ ဖြစ်သည့်မေးခွန်းများ မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်ထားကြောင်းကို အချိန်တိုအတွင်း စနစ်တကျ ဖြေကြားနိုင်အောင် စီမံဆောင်ရွက်ထားပေးစေလိုပါသည်။ အချို့သော ဝန်ကြီးဌာနများသည် ကြယ်ပွင့် မပြမေးခွန်းကို ဖြေကြားရာတွင် လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဟု ဖြေကြားထားခဲ့သော်လည်း လုပ်ငန်းများဆောင်ရွက်သည့်အခါ မြေပြင်အခြေအနေနှင့်ကိုက်ညီမှုမရှိခြင်း၊ လုပ်ငန်းရှင်များ လိုက်နာ ရန်ငြင်းဆန်နေခြင်းနှင့် ပြည်သူအချင်းချင်းနားလည်မှုလွဲမှားစေခြင်းမျိုးမဖြစ်ရလေအောင် ဌာနဆိုင်ရာ၊ ဒေသဆိုင်ရာနှင့်အုပ်ချုပ်ရေးဆိုင်ရာနှင့် ဒေသခံပြည်သူလူထုသဘောထားနှင့်အညီ ကိုက်ညီအောင် ညှိနှိုင်းပြီးမှ ကတိအဖြစ်ဖြေကြားပေးသင့်ပါသည်။ ဥပမာ-ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)၏ ၂၀-၆- ၂၀၁၇ ရက်နေ့နှင့် ၉-၆-၂၀၁၈ ရက်စွဲပါ မေးခွန်းနှင့်ဖြေကြားချက်ကို နောက်ဆက်တွဲ(ဂ)တွင် ဖော်ပြ ထားပါသည်။ ကတိဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းများကို ဘတ်ဂျက်တွင်ထည့်သွင်းလျာထားပြီး ဘတ်ဂျက်ခွင့်ပြုပေးသည့်အခါ မြေပြင်အခြေအနေနှင့်ကိုက်ညီမှုမရှိခြင်းနှင့် မြေနေရာမရှိခြင်းမျိုး မဖြစ်ပေါ်စေရန် သတ်မှတ်ချက်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသင့်ကြောင်း လွှတ်တော်

ကိုယ်စားလှယ်များက ဦးစွာစိစစ်ဆောင်ရွက်ပြီးပါမှ လွှတ်တော်တွင်မေးခွန်းမေးမြန်းသင့်ကြောင်း အကြံပြုအပ်ပါသည်။

**နိဂုံး**

ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၉၆၊ ၉၈ တို့အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စများကို စိစစ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၀၀ အရ ဤအစီရင်ခံစာ (၃/၂၀၁၈)ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည် ဖြေကြားချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှုအစီရင်ခံစာ(၃/၂၀၁၈)**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ၊ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူ့လွှတ်တော်သည် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား လွှတ်တော်တွင်ဖြေကြားခဲ့သော မေးခွန်းများ၊အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ်၌ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ (၉၆)အရ မည်သည့် အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ် ကာလအတွင်း ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိတို့ကိုလည်းကောင်း၊ သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အစည်း တို့အားတွေ့ဆုံစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့်အဆိုများအနက်မှ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ယူခဲ့သည့် လုပ်ငန်းများအား မည်သို့မည်ပုံ ဆောင်ရွက်ထားရှိသည်ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံ တင်ပြရန် ဖြစ်ပါသည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်နှင့် ဆောင်ရွက်ချက်များ

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ၁၅-၁-၂၀၁၈ ရက်နေ့မှ ၂၉-၃-၂၀၁၈ ရက်နေ့ထိ (၃၂)ရက် ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၁၅)ကြိမ် ပြုလုပ်ခဲ့ပါသည်။ သတ္တမပုံမှန်အစည်းအဝေးတွင် အဆို(၉)ခု တင်သွင်းခဲ့ရာမှ အတည်ပြုအဆို (၂)ခုနှင့် မှတ်တမ်းတင်အဆို (၅)ခု၊ မှတ်တမ်းတင်စောင့်ကြည့်အဆို (၂)ခု ရှိခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း(၁၉၁)ခုတွင် ကတိဖြစ်ခဲ့သည့် မေးခွန်းမှာ (၇၁)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ( ၉၃၁)ခုတွင် ကတိဖြစ်ခဲ့သည်မှာ (၃၁၇)ခု ရှိပါသည်။

ထို့ပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို ၁၄-၅-၂၀၁၈ ရက်နေ့မှ ၂၁-၆-၂၀၁၈ ရက်နေ့ထိ (၁၈)ရက် ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၅)ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဋ္ဌမပုံမှန်အစည်းအဝေးတွင် အဆို(၉)ခု တင်သွင်းခဲ့ရာမှ အတည်ပြုအဆို (၄)ခုနှင့် အတည်မပြုအဆို(၁)ခု၊ မှတ်တမ်းတင်အဆို (၂)ခု၊ မှတ်တမ်းတင်စောင့်ကြည့်အဆို (၁)ခု၊ ဆွေးနွေးရန်မရှိအဆို(၁)ခု ရှိခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း (၁၀၉)ခုတွင် ကတိဖြစ်ခဲ့သည့် မေးခွန်းမှာ (၂၆) ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၅၆၆)ခုတွင် ကတိဖြစ်ခဲ့သည်မှာ (၁၃၆)ခု ရှိပါသည်။

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုများနှင့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းများကို နေ့စဉ် မှတ်တမ်းတင်စိစစ်ပြီး မေးခွန်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့၊ အဆိုနှင့်ပတ်သက်သည့် အချက်အလက်များ စိစစ်ရေးအဖွဲ့၊ လုပ်ငန်းလက်ကျန် စိစစ်ရေးအဖွဲ့နှင့် တိုင်ကြားစာများစိစစ်ရေးအဖွဲ့တို့မှ ဤအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိပါသည်။

**(နောက်ဆက်တွဲ - က)**

၅။ ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးများတွင် အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေပြဇယားကို နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်။ထို့အပြင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း များ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များကိုလည်း DVD ချပ်ဖြင့် ပူးတွဲဖြန့်ဝေထားပါသည်။

၆။ ကတိပြစ်ခဲ့သည့်လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ မြေပြင်အခြေအနေတွင် ဆောင်ရွက်သည့်အခါ ဖြေကြားချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ကွဲလွဲနေခြင်းနှင့် သတ်မှတ်ချိန်အတိုင်း မပြီးစီးနိုင်ခြင်း စသည့်အချက်များကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က ကော်မတီသို့ တင်ပြလာပါက-

(က) ကော်မတီသည် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာန (သို့မဟုတ်) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ထံသို့ စာဖြင့်ဆက်သွယ်မေးမြန်းခြင်း။

(ခ) ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာန (သို့မဟုတ်) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အား ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် သတ်မှတ်ချက်နှင့်အညီလုပ်ငန်းများ အောင်မြင်ပြီးစီးစေရန် ဆောင်ရွက်ပေးခြင်း။

(ဂ) လိုအပ်ပါက ကော်မတီအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ သက်ဆိုင်ရာ နယ်မြေဒေသသို့ သွားရောက် ကွင်းဆင်းစိစစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

၇။ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းများနှင့် လွှတ်တော်တွင် ကတိပြစ်ခဲ့သည့် ဆောင်ရွက်ရမည့် အာမခံချက်များ လုပ်ငန်းများနှင့်ပတ်သက်၍ -

(က) ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေ

(ခ) ရာနှုန်းပြည့် ပြီးစီးသွားသည့် အခြေအနေတို့တွင် ကော်မတီသည် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၉၆) နှင့် ပုဒ်မ (၉၈) တို့အရ သတ်မှတ် စံချိန်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိတို့ကို စိစစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးလျက်ရှိပါသည်။

၈။ ကော်မတီသည် ကာကွယ်ရေးဝန်ကြီးဌာန အရအသုံးဘတ်ဂျက်ကို စိစစ်ရသည့်အတွက် စစ်လက်နက်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများမှအပ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စက်ရုံအချို့ကို သွားရောက် လေ့လာကြည့်ရှုခွင့် ရရှိခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် သာစည်မြို့နယ် လှိုင်းတက် တပ်မတော်ဖိနပ်ချုပ်စက်ရုံနှင့် မိတ္ထီလာမြို့နယ်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်ချုပ်စက်ရုံများသို့ သွားရောက်လေ့လာခဲ့ပြီး တွေ့ရှိချက်နှင့် အကြံပြုချက်များကိုလည်း လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြနိုင်ခဲ့ပါသည်။

**သုံးသပ်ချက်**

၉။ လွှတ်တော်တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားချက်များသည် သက်ဆိုင်ရာဝန်ကြီးဌာနကို ကိုယ်စားပြုသည်ဟုဆိုသော်လည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ

အဖွဲ့ကိုယ်စား ဖြေကြားချက်များအပေါ်တွင်လည်း ကိုယ်စားပြု ဖြေကြားပေးသည့် ဝန်ကြီးဌာနမှ တာဝန်ယူ တာဝန်ခံပေးရန် လိုအပ်ပါသည်။

၁၀။ ဆောင်ရွက်ဆဲလုပ်ငန်းများ များပြားနေခြင်းမှာ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်း တစ်ခုတည်းပေါ်တွင် လုပ်ငန်းတစ်ခုထက်ပို၍ မေးမြန်းထားသည့်အတွက် ဝန်ကြီးဌာနများက ကတိ အတိုင်းဆောင်ရွက်ရာတွင် တစ်ချို့သောလုပ်ငန်းများက ရာနှုန်းပြည့်ပြီးစီးသွားသော်လည်း တစ်ချို့ သော လုပ်ငန်းများက ရာနှုန်းပြည့် မပြီးစီးသည့် အခြေအနေမျိုး ဖြစ်ပေါ်နေသည့်အတွက်ကြောင့် ကော်မတီက ဆောင်ရွက်ဆဲ ဟု သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

၁၁။ ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာကို ရည်ညွှန်းသည့် မေးမြန်းချက်၊ ဌာနဆိုင်ရာဝန်ထမ်း ဖွဲ့စည်းပုံဇယားနှင့်ပတ်သက်သည့် မေးမြန်းချက်နှင့် ရေရှည်ဆောင်ရွက်သွားရမည့် မေးမြန်းချက် များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက ဆောင်ရွက်ရာတွင် တစ်ကြိမ် တစ်ခါတည်းနှင့် ပြီးပြတ်သွားမည်မဟုတ်သည့်အတွက် ကော်မတီအနေဖြင့်(ဆောင်ရွက်ဆဲ/လုပ်ငန်း ကျန်) ဟုသာ သတ်မှတ်ထားရှိပါသည်။

**အကြံပြုချက်**

၁၂။ ကော်မတီအနေဖြင့် လွှတ်တော်သို့ အစီရင်ခံစာတင်ပြနိုင်ရန် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းရာတွင် အချိန်ကုန်သက်သာပြီး ထိရောက်သည့် နည်းလမ်းကို ကြိုးစားလုပ်ဆောင်နေသလို သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ကတိဖြစ်သည့် မေးခွန်းများအား မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ထားကြောင်းကို အချိန်တိုအတွင်း စနစ်တကျဖြေကြားနိုင်အောင် စီမံဆောင်ရွက်ထားပေးစေလိုပါသည်။

၁၃။ အချို့သောဝန်ကြီးဌာနများသည် ကြယ်ပွင့်မပြမေးခွန်းများကို စာဖြင့်ဖြေကြားရာတွင် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဟု ဖြေကြားထားခဲ့သော်လည်း လုပ်ငန်းများဆောင်ရွက် သည့်အခါ မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိခြင်း၊ လုပ်ငန်းရှင်များက လိုက်နာရန်ငြင်းဆန်နေ ခြင်းနှင့် ပြည်သူအချင်းချင်း နားလည်မှုလွဲမှားစေခြင်းမျိုး မဖြစ်ရလေအောင် ဌာနဆိုင်ရာ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးဆိုင်ရာနှင့် ဒေသခံပြည်သူလူထုသဘောထားနှင့်အညီကိုက်ညီအောင် ညှိနှိုင်းပြီးမှ ကတိ အဖြစ် ဖြေကြားပေးသင့်သည်။ (ဥပမာ- ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)၏ ၂၀-၆-၂၀၁၇ နှင့် ၉-၆-၂၀၁၈ ရက်စွဲပါ မေးခွန်းနှင့် ဖြေကြားချက်များကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားပါသည်။)

၁၄။ ကတိဖြစ်သည့် တည်ဆောက်ရေးလုပ်ငန်းများကို ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဘတ်ဂျက်ခွင့်ပြုပေးသည့်အခါ မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိခြင်းနှင့် မြေနေရာမရရှိခြင်း မျိုးမဖြစ်ပေါ်စေရန် သတ်မှတ်ချက်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသေချာအောင် လွှတ်တော်ကိုယ်စားလှယ်များက ဦးစွာစိစစ် ဆောင်ရွက်ပြီးပါမှ လွှတ်တော်တွင် မေးခွန်းမေးမြန်း သင့်ကြောင်း အကြံပြုအပ်ပါသည်။

**နိဂုံး**

**မူကြမ်း**

၁၅။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ(၉၆)၊ (၉၈)တို့အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ်များကို စိစစ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ (၁၀၀) အရ ဤအစီရင်ခံစာ (၃/၂၀၁၈) ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။

**နောက်ဆက်တွဲ (ခ)**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ အတည်ပြုအဆိုများနှင့် ကတိဖြစ် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ၏ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေပြဇယား

| စဉ် | ဌာနအမည် | အဆို | | | | | | ကြယ်ပွင့်ပြ | | | | | | | | ကြယ်ပွင့်မပြ | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဒု | စတုတ္ထ | ပဉ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဉ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဉ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | |
| ၁။ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | - | - | - | - | - | - | ၂ | **၃** |
| ၂။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | **၁** |
| ၃။ | ပြည်ထဲရေးဝန်ကြီးဌာန | - | - | - | - | - | ၁ | - | - | - | - | - | ၁ | ၂ | - | - | ၂ | ၁ | ၂ | ၅ | ၅ | ၃ | ၄ | **၂၆** |
| ၄။ | နယ်စပ်ရေးရာဝန်ကြီးဌာန | - | - | - | - | - | - | - | ၁ | ၃ | - | - | ၁ | - | ၂ | ၁ | ၅ | - | ၁ | ၆ | ၂ | ၆ | ၃ | **၃၁** |
| ၅။ | ပြန်ကြားရေးဝန်ကြီးဌာန | - | - | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၂ | ၁ | ၁ | - | **၅** |
| ၆။ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ | - | **၂** |
| ၇။ | စိုက်/မွေး/ဆည်ဝန်ကြီးဌာန | - | - | - | - | - | ၁ | - | - | - | - | ၂ | - | ၆ | ၂ | ၁ | - | ၁ | ၂ | ၅ | ၆ | ၁၀ | ၇ | **၄၃** |
| ၈။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | - | - | - | ၁ | - | - | ၃ | ၁ | ၁ | ၁ | ၃ | ၁ | ၁ | ၁ | ၂ | ၃ | ၂ | ၂ | ၈ | ၃ | ၃ | ၃ | **၃၉** |
| ၉။ | သယံဇာတ/သစ်တောဝန်ကြီးဌာန | - | - | ၅ | - | - | - | - | ၁ | - | - | - | - | ၁ | - | - | - | - | - | - | - | ၁ | ၃ | **၁၁** |
| ၁၀။ | လျှပ်စစ်နှင့်စွမ်းအင်ဝန် | - | - | - | - | - | - | - | ၁ | ၃ | ၁ | ၁ | ၁ | ၃ | ၁ | ၃ | ၁ | - | ၁၆ | ၁၂ | ၁၂ | ၁၄ | ၁၁ | **၈၀** |

**မူကြမ်း**

| စဥ် | ဌာနအမည် | အဆို | | | | | | ကြယ်ပွင့်ပြ | | | | | | | | ကြယ်ပွင့်မပြ | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဒု | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | |
| | ကြီးဌာန | | | | | | | | | | | | | | | | | | | | | | | |
| ၁၁။ | အလုပ်သမား /လူဝင်မှု ဝန်ကြီးဌာန | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ | - | - | ၁ | ၁ | - | - | - | - | - | ၄ |
| ၁၂။ | စီးပွား/ကူး သန်း ဝန်ကြီး ဌာန | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ |
| ၁၃။ | ပညာရေး ဝန်ကြီးဌာန | - | - | - | - | - | - | - | - | ၁ | ၁ | ၂ | ၂ | ၃ | ၃ | - | - | - | - | ၃ | ၁၂ | ၂၀ | ၂၁ | ၆၈ |
| ၁၄။ | ကျန်းမာရေး နှင့်အားကစား ဝန်ကြီးဌာန | - | ၁ | ၁ | - | ၁ | - | ၂ | ၆ | ၆ | ၄ | ၅ | ၂ | ၁၂ | ၃ | ၁၁ | ၃၁ | ၁၂ | ၁၄ | ၃၇ | ၂၅ | ၂၇ | ၁၀ | ၂၀၀ |
| ၁၅။ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | - | - | ၁ | - | - | ၁ | - | - | - | - | ၁ | - | ၁ | ၁ | - | - | - | - | ၁ | ၁ | ၁ | ၁ | ၉ |
| ၁၆။ | ဆောက်လုပ် ရေးဝန်ကြီး ဌာန | - | - | - | ၁ | - | - | ၂ | ၃ | ၄ | ၂ | ၃ | ၁ | ၁၁ | ၅ | ၂ | ၇ | ၂ | ၃ | ၁၆ | ၆ | ၃၉ | ၁၈ | ၁၂၅ |

| စဥ် | ဌာနအမည် | အဆို | | | | | | ကြယ်ပွင့်ပြ | | | | | | | | ကြယ်ပွင့်မပြ | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဒု | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | |
| ၁၇။ | လူ / ကယ် / ပြန်ဝန်ကြီး ဌာန | - | - | - | - | - | - | - | - | ၁ | - | - | - | ၄ | ၂ | - | - | - | ၁ | ၁ | ၁ | ၁ | ၁ | ၁၂ |
| ၁၈။ | ဟိုတယ်နှင့် ခရီးသွားလာ ရေး | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ |
| ၁၉။ | ပြည်ထောင်စု ရှေ့နေချုပ်ရုံး | - | - | - | - | - | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ |
| ၂၀။ | ပြည်ထောင်စု စာရင်းစစ် ချုပ်ရုံး | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | - | - | - | - | - | - | - | ၁ | ၂ |
| ၂၁။ | ပြည်ထောင်စု ရာထူးဝန်အဖွဲ့ | - | - | - | - | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ |
| ၂၂။ | နေပြည်တော် ကောင်စီ | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | - | - | - | - | - | - | - | - | ၁ |
| ၂၃။ | ကချင်ပြည်နယ် အစိုးရအဖွဲ့ | - | - | - | - | - | - | - | - | - | - | ၁ | ၁ | - | - | - | - | ၁ | ၁ | - | ၁ | ၂ | ၁ | ၈ |
| ၂၄။ | ကယားပြည်နယ် အစိုးရအဖွဲ့ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | - | - | - | ၁ |
| ၂၅။ | ကရင်ပြည်နယ် အစိုးရအဖွဲ့ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ |
| ၂၆။ | ချင်းပြည်နယ် | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | ၂ | ၃ |

**မူကြမ်း**

| စဥ် | ဌာနအမည် | အဆို | | | | | | ကြယ်ပွင့်ပြ | | | | | | | | ကြယ်ပွင့်မပြ | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဒု | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | |
| | အစိုးရအဖွဲ့ | | | | | | | | | | | | | | | | | | | | | | | |
| ၂၇။ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၃ | - | ၃ | ၁၄ | ၈ | ၁၂ | ၅ | ၄၅ |
| ၂၈။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ |
| ၂၉။ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | - | - | - | - | - | - | ၁ | - | - | - | - | ၂ | - | - | - | - | - | - | ၂ | - | ၆ | ၁ | ၁၂ |
| ၃၀။ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ | ၂ | ၆ | ၃ | - | ၁ | ၁၄ |
| ၃၁။ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | - | ၁ | - | ၁ | - | ၁ | ၂ | ၆ |
| ၃၂။ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၂ | - | ၁ | ၁ | ၄ |
| ၃၃။ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | - | - | - | - | - | - | ၁ | - | ၁ | - | - | - | ၁ | - | - | ၃ | - | ၆ | ၁၄ | ၂၀ | ၁၀ | ၄ | ၆၀ |
| ၃၄။ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | - | - | - | - | - | - | ၁ | - | ၂ | - | - | - | - | ၁ | - | - | ၁ | ၁ | - | - | - | - | ၆ |
| ၃၅။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | - | - | - | ၁ | - | - | - | - | - | - | ၁ | - | - | - | - | - | - | - | - | - | - | - | ၂ |
| စဥ် | ဌာနအမည် | ဒု | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ⌸တမ | အဋ္ဌမ | ပ | ဒု | တ | စတုတ္ထ | ပဥ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | ပေါင်း |
| ၃၆။ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ |
| | **စုစုပေါင်း** | ၁ | ၁ | ၈ | ၃ | ၂ | ၄ | ၁၀ | ၁၃ | ၂၂ | ၉ | ၂၀ | ၁၂ | ၄၈ | ၂၃ | ၂၁ | ၅၆ | ၂၃ | ၅၅ | ၁၃၆ | ၁၀၆ | ၁၆၃ | ၁၀၄ | ၈၄၀ |

**မူကြမ်း**

**နောက်ဆက်တွဲ (ဂ)**

**<u>စစ်ကိုင်းတိုင်းဒေသကြီး</u>**

| စဉ် | မေးမြန်းသူ/ ရက်စွဲ | မေးမြန်းချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးမှ စာဖြင့် ပြန်လည်ဖြေကြားချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အတွက် ဖြေကြားချက်နှင့် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဦးနိုင်နိုင်ဝင်း တမူး မဲဆန္ဒနယ် ၂၀-၆-၂၀၁၇ **(ပဉ္စမပုံမှန်)** **ကြယ်မပြ** | နယ်စပ် မြို့ကြီးတစ်မြို့ဖြစ်သောတမူးမြို့နယ်အား စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်လိုအပ်မှုများထဲမှ ပြည်သူလူထု၏ကျန်းမာရေးနှင့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်တာဆီးကေးနိုင်ရန် | ကြက်မွေးမြူရေးဇုန်ကို တမူးမြို့နယ်၊မြို့မအုပ်စု၊တမူး - အူးစူးကျေးရွာလမ်း မြောက်ဘက် (၃) မိုင်ခန့်အကွာရှိ မြေလွတ်၊မြေရိုင်း (၈၀)ဧကပေါ်တွင်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါသည်။<br>ကြက်မွေးမြူရေးဇုန်နှင့် ပတ်သက်၍ | ကြက်မွေးမြူရေးဇုန်ကို တမူးမြို့နယ်၊မြို့မအုပ်စု၊တမူး - အူးစူးကျေးရွာလမ်း မြောက်ဘက် (၃) မိုင်ခန့်အကွာရှိ မြေလွတ်၊မြေရိုင်း (၈၀)ဧကပေါ်တွင်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါသည်။<br>ကြက်မွေးမြူရေးဇုန်နှင့် ပတ်သက်၍ | |

**မူကြမ်း**

| စဉ် | မေးမြန်းသူ/ ရက်စွဲ | မေးမြန်းချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးမှ စာဖြင့် ပြန်လည်ဖြေကြားချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အတွက် ဖြေကြားချက်နှင့် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|
| | | အတွက် ကြက်မွေးမြူရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသောမြေနေရာနှင့် စက်သုံးဆီးတားဆီးပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်း။ | မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးအမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဦး၊ ကြက်မွေးမြူရေးဇုန် ဖြစ်မြောက်ရေးကော်မတီ၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်(၁၁)ဦးတို့ ဖြင့် တွေ့ဆုံညှိနှိုင်းခဲ့ရာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များအနေဖြင့် မွေးမြူရေးဇုန်လျာထားနေရာသို့ ပြောင်းရွှေ့စေလိုကြောင်း၊ ပြောင်းရွှေ့နိုင်ခြင်းရှိ/မရှိသဘောထားအားဆွေးနွေးခဲ့ရာ လုပ်ငန်းရှင်များမှ ရေ/လျှပ်စစ်မီး အခက်အခဲများကြောင့် ပြောင်းရွှေ့လိုခြင်းမရှိကြောင်းနှင့် ယခုအသုံးပြုနေသည့် အဆောက်အဦများအားနေရာသစ်သို့ ရွှေ့ပြောင်းပြီးပြန်လည်အသုံးပြုရန်မှာလည်းမဖြစ်နိုင်ကြောင်းတင်ပြ ဆွေးနွေးခဲ့ကြသဖြင့် ကြက်မွေးမြူရေးဇုန်အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆဲဖြစ်ပါသည်။ | မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးအမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဦး၊ ကြက်မွေးမြူရေးဇုန် ဖြစ်မြောက်ရေးကော်မတီ၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်(၁၁)ဦးတို့ ဖြင့် တွေ့ဆုံညှိနှိုင်းခဲ့ရာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များအနေဖြင့် မွေးမြူရေးဇုန်လျာထားနေရာသို့ ပြောင်းရွှေ့စေလိုကြောင်း၊ ပြောင်းရွှေ့နိုင်ခြင်းရှိ/မရှိ သဘောထားအားဆွေးနွေးခဲ့ရာ လုပ်ငန်းရှင်များမှ ရေ/ လျှပ်စစ်မီးအခက်အခဲများကြောင့် ပြောင်းရွှေ့လိုခြင်းမရှိကြောင်းနှင့် ယခုအသုံးပြုနေသည့် အဆောက်အဦများအားနေရာသစ်သို့ရွှေ့ ပြောင်းပြီးပြန်လည်အသုံးပြုရန်မှာလည်း မဖြစ်နိုင်ကြောင်းတင်ပြ ဆွေးနွေးခဲ့ကြသဖြင့် လက်ရှိ ဆောင်ရွက်ထားရှိမှု အနေဖြင့် ကြက်မွေးမြူရေးဇုန် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တမူးမြို့၊ မြို့မရပ်ကွက်၊ တမူး - အူစူး ကျေးရွာသွားလမ်း မြောက်ဘက် (၃)မိုင်ခန့်နေရာရှိ မြေလွတ်မြေရိုင်း (၈၀) ဧကအား မြေအသုံးပြုခွင့်ရရှိရန် ကြက်မွေးမြူရေးဇုန် ဖြစ်မြောက်ရေးကော်မတီမှ (၁၈-၇-၂၀၁၈) ရက်နေ့တွင် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၊ နေပြည်တော်သို့ ပုံစံ | |

| စဉ် | မေးမြန်းသူ/ ရက်စွဲ | မေးမြန်းချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးမှ စာဖြင့် ပြန်လည်ဖြေကြားချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အတွက် ဖြေကြားချက်နှင့် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ၃ | (၄)ဖြင့် လျှောက်ထားပြီးဖြစ်ပါကြောင်းနှင့် တမူးမြို့နယ် အတွင်းရှိစီးပွားဖြစ် ကြက်မွေးမြူရေး လုပ်ငန်းရှင်များအား ကြက်မွေးမြူရေးဇုန် လျာထားမြေနေရာသို့ ပြောင်းရွှေ့ရေးအတွက် သက်ဆိုင်ရာဌာနများမှ ကွင်းဆင်း ပညာပေး စည်းရုံး ဆောင်ရွက်လျက်ရှိပြီး လက်ရှိ မွေးမြူထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး၍ ဇီဝလုံခြုံမှု ကောင်းမွန်စေရန် ပညာပေး ဟောပြောခြင်းများ ဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ | |
| ၂။ | ဦးနိုင်နိုင်ဝင်း တမူး မဲဆန္ဒနယ် ၉-၆-၂၀၁၈ **(အဋ္ဌမပုံမှန်)** **ကြယ်မပြ** | စစ်ကိုင်းတိုင်းဒေသကြီး၊တမူးခရိုင်၊ ခမ်းပါတ်မြို့၊ ကနန်ကျေးရွာ သင်္ချိုင်းဟောင်းမြေနေရာတွင်မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေး စခန်းဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သောမြေနေရာနှင့် စခန်းဖွင့်လှစ်ခွင့်ပြုရေး မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍မေးမြန်းအပ်ပါသည်။ | သို့ဖြစ်ပါ၍ တမူးမြို့နယ်၊ ခါမ်းပါတ်မြို့၊ ကနန်ကျေးရွာ အမှတ် (၁) ရပ်ကွက်ရှိ သင်္ချိုင်းဟောင်းအဖြစ် အသုံးပြုခဲ့သော မြေနေရာအား မူးယစ် ဆေးဝါး သုံးစွဲသူများ အတွက် ပြန်လည်ထူထောင်ရေး စခန်း ဖွင့်လှစ်နိုင်ရန် အတွက် မြေအသုံးပြုခွင့် ရရှိရေးနှင့် ပြန်လည် ထူထောင်ရေး စခန်း ဖွင့်လှစ်ခွင့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြလျှောက်ထားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ | ၁။ တမူးမြို့နယ်၊ခမ်းပါတ်မြို့၊ကနန်ကျေးရွာ၊ အမှတ်(၁)ရပ်ကွက်ရှိ သင်္ချိုင်းဟောင်းအဖြစ် အသုံးပြုခဲ့သော မြေနေရာအား မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်မည့်ကိစ္စနှင့်ပတ်သက်၍ ကနန်ကျေးရွာ၌ သုသာန်ဟောင်းအဖြစ် အသုံးပြုခဲ့သော မြေနေရာပေါ်၌ ကနန်ကျေးရွာတွင် အိမ်ပိုင်မရှိသောသူများ အတွက် အိမ်ရာကွက် ဖော်ထုတ်လိုသောသူများနှင့် မူးယစ်တိုက်ဖျက်ရေးရုံးအဖြစ် တည်ဆောက်လိုသောသူများဟူ၍ သဘောထားဆန္ဒကွဲလွဲနေမှု များ ဖြစ်ပေါ်နေသဖြင့် တစ်ဖက်နှင့်တစ်ဖက် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက် (၄-၆-၂၀၁၈)ရက်နေ့တွင် ခမ်းပါတ် မြို့အုပ် | |

**မူကြမ်း**

| စဉ် | မေးမြန်းသူ/ ရက်စွဲ | မေးမြန်းချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးမှ စာဖြင့် ပြန်လည်ဖြေကြားချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အတွက် ဖြေကြားချက်နှင့် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေ | မှတ် ချက် |
|---|---|---|---|---|---|
| | | | | ချုပ်ရေးရေးမှူးမှ နှစ်ဖက်တာဝန် ရှိသူများအား အောက်ပါအတိုင်း ချပြရှင်းလင်းခဲ့ပါသည်-<br>(က) မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရုံးဆောက်လုပ်လိုပါက မြေနေရာရရှိနိုင်ရေး အမှုတွဲကြိုတင်တည်ဆောက်ထားရန်၊<br>(ခ) လက်ရှိအချိန်တွင် ခွင့်ပြုချက် တစ်စုံတစ်ရာမရမီ လုပ်ငန်းဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန်နှင့် ခွင့်ပြုချက်ရရှိရေးဆောင်ရွက်ရန်၊<br>(ဂ) အိမ်ရာကွက်ရလိုသော ဦးဒိုဇသောင်းပါ (၃၈)ဦးအနေဖြင့် သုသာန်ဟောင်းမြေနေရာသည် (၁.၇၅)ဧကသာ ရှိ၍ အိမ်ရာကွက်(၃၈)ကွက်အတွက် မလုံလောက်သဖြင့် ရွာမြေအဖြစ် သုံးစွဲ၍ ရနိုင်သော အခြားမြေနေရာအား ရှာဖွေ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက်ရရှိရေး တင်ပြလျှောက်ထားရန်၊<br>အထက်ပါရှင်းလင်းချက်များအပေါ် ဦးဒိုဇသောင်းပါ (၃၈)ဦးမှ သုသာန်ဟောင်းမြေနေရာတွင် အိမ်ရာကွက်ရရှိရေး ဆက်လက်တင်ပြမှုမရှိကြောင်းနှင့် ရွာမြေတိုးချဲ့နိုင်မည့် မြေနေရာအား ညှိနှိုင်း တိုင်ပင်လျှက်ရှိကြောင်း သိရှိ ရပါသည်။<br>ထပ်မံ၍ (၁၁-၉-၂၀၁၈)ရက်နေ့တွင် ခမ်းပါတ်မြို့အုပ်ချုပ်ရေး မှူးရုံး ၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးရုံးဆောက်လုပ်လိုသော ဦးလားမား | |

| စဉ် | မေးမြန်းသူ/ ရက်စွဲ | မေးမြန်းချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးမှ စာဖြင့် ပြန်လည်ဖြေကြားချက် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အတွက် ဖြေကြားချက်နှင့် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေ | မှတ်ချက် |
| --- | --- | --- | --- | --- | --- |
| | | | | ဂိုက်ယာ နှင့် ကနန်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့အား ခေါ်ယူတွေ့ဆုံ၍ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးရုံး တည်ဆောက်လိုပါက တရားဝင်ခွင့်ပြုချက်ရရှိရေး လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် တစ်ကွ တင်ပြလျှောက်ထားရန် ဆွေးနွေး ပြောကြားခဲ့ပါသည်။ ဦးလားမားဂိုက်ယာမှ ချပြဆွေးနွေးမှုအား နားလည်သဘောပေါက်ကြောင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရုံး ဆောက်လုပ်နိုင်ရေး အတွက်တရားဝင်ခွင့်ပြုချက်ရရှိရေး တင်ပြ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ | |

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၉-၁-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy) အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့

**မူကြမ်း**

## တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ဇင်မာအောင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ ကျွန်မ ဒီနေ့တင်သွင်းသွားမည့် အဆိုကတော့ ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy) ကို အရှိန်အဟုန်မြှင့်တင်ပြီးတော့ ဆောင်ရွက်နိုင်ရေးနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီအဆိုတင်သွင်းရခြင်းအကြောင်းအရင်းကို Power Point အသုံးပြုပြီးတော့ တင်ပြခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။ ပထမအကြောင်းအရင်းကတော့ မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းအသုံးပြုသူအရေအတွက်က တိုးတက်များပြားလာပေမဲ့လည်း ဒီမိုဘိုင်းဖုန်းနည်းပညာကို ဒီလိုမျိုးလုံခြုံစိတ်ချစွာနှင့် ကိုယ့်လူမှုစီးပွားဘဝတွေအတွက်၊ ပညာရေးတွေအတွက် ဘယ်လိုအကျိုးရှိစွာသုံးစွဲရမလည်းဆိုတာကို သိရှိပြီးတော့ ကျင့်သုံးလိုက်နာနိုင်မယ့် အခွင့်အလမ်းတွေ၊ အသိပညာနည်းပါးမှုတွေ ဖြစ်နေတာက နောက်ခံအကြောင်းအရင်းတစ်ခု ဖြစ်ပါတယ်။

နောက်တစ်ခုက ဘာလဲဆိုလို့ရှိရင် မကြာသေးခင်ကပဲ ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်း အာဆီယံနိုင်ငံတွေကြားမှာ အွန်လိုင်းဈေးရောင်းခြင်းနှင့် ငွေပေးချေခြင်းဆိုင်ရာ အာဆီယံ E Comment မှာ လက်မှတ်ရေးထိုးပြီးတော့ အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ နောက်တတိယအကြောင်းအရင်းကတော့ မြန်မာ Sustainable Development Plan ဆိုတာလည်း ထွက်ပါပြီ။ ထို့အတူ အဲဒီရဲ့နောက်ခံက ဘာရှိနေလည်းဆိုတော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်ဖြစ်တဲ့ ဒီပန်းတိုင်းအမှတ်(၄) မှာဆိုလို့ရှိရင် ဘာပါလဲဆိုရင် ဒီ Quality Education ပေါ့နော်။ အရည်အသွေးပြည့်ဝတဲ့ ပညာရေးစနစ်။ နောက်ပြီးတော့ STG Gold 8 မှာပါတဲ့ ဒီ Desnece of the Economic ပေါ့နော်။ ဂုဏ်သိက္ခာရှိတဲ့ ကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ပြည့်မီလာဖို့ဆိုလို့ရှိရင်လည်း ဒီ (Digital Literacy) ဟာ အများကြီးအထောက်အပံ့ဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ဒီပထမအချက်ဖြစ်တဲ့ မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းအသုံးပြုတဲ့သူအရေအတွက်မြင့်မားလာတာဟာ ကောင်းမွန်တဲ့အချက်တစ်ချက်အနေနဲ့ မြင်ပါတယ်။ အဲဒီတော့ ဒီ Survey တွေလုပ်ထားတယ်။ ၂၀၁၅၊ ၂၀၁၆ ခုနှစ်တုန်းက ပြုလုပ်ထားတဲ့ Survey ကိန်းကဏန်းတွေဖြစ်ပါတယ်။ အဲ့ဒါက ကျွန်မတို့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် ဒီမိုဘိုင်းဖုန်းတစ်လုံးပိုင်ဆိုင်တဲ့ အိမ်ထောင်စုဟာ ၂၀၁၅ ခုနှစ်မှာ ၆၀ ရာခိုင်နှုန်းရှိနေပြီးတော့ ၂၀၁၆ ခုနှစ်မှာ ၈၃ ရာခိုင်နှုန်းထိ တိုးတက်လာတာကို တွေ့ရပါတယ်။ နောက်ပြီးတော့ ဆင်းကဒ် ပိုင်ဆိုင်မှုမှာ

ဆိုလို့ရှိရင်လည်း ဆင်းကဒ်တစ်ယောက်ကို တစ်ကဒ်နှုန်းနဲ့တောင်မကပါဘူး။ အဲဒီထဲ မှာ Total ပေါင်းလိုက်တဲ့အခါကျတော့ ဆင်းကဒ် ၅၁ သန်း ဒါဟာတော့ အရင်တုန်းကဆိုရင် My Tel ထိ မပေါ်သေးပါဘူး။ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်မှာဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် ဒီမှာ ဒီ My Tel သည် Service အနေနဲ့ My Tel လည်းပေါ်လာပြီဆိုတော့ ဒီ့ထက်ပိုပြီးတော့များဖို့လို့ပဲရှိတယ်။

အဲဒီလို ဆင်းကဒ်တွေသုံးနေတဲ့အထဲမှာမှ ဖုန်းသုံးတဲ့သူအရေအတွက်ရဲ့ ၇၅ ရာခိုင်နှုန်းက Smart ဖုန်းတွေကို သုံးစွဲနေကြပြီဆိုတာကို ကိန်းဂဏန်းအချက်အလက်တွေအရ သိရပါတယ်။ ဒါပေမဲ့လည်း အဲဒီမှာပဲထပ်ပြီးတော့ ကြည့်ရင် အလုပ်လုပ်ကိုင်နိုင်တဲ့အသက်အရွယ် အပိုင်း အခြားဖြစ်တဲ့ ၁၅ နှစ်နဲ့ ၆၅ နှစ်အတွင်းမှာရှိတဲ့ လူဦးရေရဲ့ မိုဘိုင်းဖုန်းပိုင်ဆိုင်မှုနှုန်းဟာ ၂၀၁၅ ခုနှစ်မှာ အမျိုးသားတွေရဲ့ ၄၆ ရာခိုင်နှုန်း၊ အမျိုးသမီးတွေရဲ့ ၃၃ ရာခိုင်နှုန်းသာ ပိုင်ဆိုင်ပေမယ့် ၂၀၁၆ ခုနှစ်မှာ အမျိုးသားတွေရဲ့ ၇၂ ရာခိုင်နှုန်း၊ အမျိုးသမီး လူဦးရေးရဲ့ ၅၂ ရာခိုင်နှုန်းအရ မိုဘိုင်းဖုန်းပိုင်ဆိုင်လာပြီကို တွေ့ရတယ်။ ဆိုတော့ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ အခု ၂၀၁၉ ခုနှစ် မှာ ပိုပြီးတော့ Percentage အားဖြင့် ပိုမိုပြီးတော့ပိုင်ဆိုင်လာဖို့ရာပဲရှိတယ်။ အဲဒီတော့ ကျေးလက်နှင့်မြို့ပြမှာလည်း ကြည့်မယ်ဆိုလို့ရှိရင် ဒီမိုဘိုင်းဖုန်းပျံ့နှံ့နှုန်းဟာ မြို့ပြမှာနေထိုင်တဲ့ လူဦးရေပဲ လက်ထဲမှာပဲ ရှိနေတာလားဆိုတာတော့ မဟုတ်ပါဘူး။

ကျေးလက်မှာနေထိုင်တဲ့လူဦးရေ ၅၈ ရာခိုင်နှုန်းသာ မြို့ပြမှာဆိုလို့ရှိရင် ၄၂ ရာခိုင်နှုန်းရဲ့ လူဦးရေ အဲဒါ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်မှာဆိုလို့ရှိရင်လည်း ကျေးလက်မှာပိုင်ဆိုင်တဲ့နှုန်းဟာ တစ်ဆကျော်တိုးမြင့်ပိုင်ဆိုင်နိုင်ပြီးတော့ မြို့ပြမှာဆိုရင်တော့ ၁၁ ရာခိုင်နှုန်းတိုးမြင့်ပိုင်ဆိုင်လာတာ ကို တွေ့ရပါတယ်။ ဒါ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် အချက်အလက်တွေအရ ဖြစ်ပါတယ်။ အခု ဒီထက်ပိုပြီးတော့ တိုးမြင့်ပြီးတော့ ပိုင်ဆိုင်လာဖို့ရာပဲရှိပါတယ်။ ဆိုတော့ ဒါကတစ်ချက်ပေါ့။ မိုဘိုင်းဖုန်းပျံ့နှံ့ပိုင်ဆိုင်နိုင်မှုကတော့ များလာတယ်။ ဒါပေမဲ့လည်း Digital အခြေခံတတ်မြောက်မှု မရှိဘဲနဲ့ လက်ထဲမှာမိုဘိုင်းဖုန်းတွေရှိနေတာဟာ ကျွန်မတို့အတွက် အခွင့်အလမ်းတွေထက် စိန်ခေါ်မှု တွေကိုသာ ပိုပြီးတော့ ဖြစ်စေပါတယ်။ ဒါက အကြောင်းအရင်းတစ်ခုပါ။ နောက်တစ်ခုက ဘာလဲဆို တော့ ဒုတိယအချက်က ဒီမြန်မာနိုင်ငံက E-Commerce မှာ အဖွဲ့ဝင်နိုင်ငံဖြစ်လာတယ်။ ဒါဆိုလို့ရှိရင် ကျွန်မတို့ရဲ့အခွင့်အလမ်းတွေဟာ ဘာတွေရှိမလည်းပေါ့နော်။ ရည်ရွယ်ချက်က စီးပွားရေးထွန်းသစ်စ အရှေ့တောင်အာရှကုမ္ပဏီတွေကြားမှာ အကျိုးရှိစေမယ့် အွန်လိုင်းငွေပေးချေခြင်းအတွက် ကူးလူးဆက်သွယ်နိုင်မယ့် ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်ဖို့အတွက် ရည်ရွယ်တယ်။ ဒီ E-Commerce က။

နောက်တစ်ချက်က ဘာလဲဆိုလို့ရှိရင် Paperless တွေဖြစ်လာမယ်။ စာရွက်အသုံးပြုမှု လျှော့ချမယ်။ အွန်လိုင်းကနေပြီးတော့ပဲသွားမယ်။ လက်မှတ်ရေးထိုးတာကအစ Electronic Signature တွေနဲ့သွားမယ်။ ပေးချေတဲ့အပိုင်းတွေသွားမယ်ဆိုတော့ အဲ့တာတွေအတွက် ဟန်ချက် ညီညီနိုင်ငံတွေကြားမှာ ဆောင်ရွက်နိုင်မယ့် စံချိန်စံညွှန်းနှင့်စည်းမျဉ်းတွေရှိဖို့လို့ဆိုပြီးတော့ အာဆီယံ နိုင်ငံအချင်းချင်းကြားမှာ အကူအညီပေးနိုင်ဖို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဒီ E-Commerce

နောက်တစ်ခုက ဘာလဲဆိုရင် ခုန အသုံးပြုသူတွေကြားမှာ စားသုံးသူကာကွယ်ရေးတွေကြားမှာရှိတဲ့ အသုံးပြုတဲ့သူ တွေကြားမှာ သတင်းအချက်အလက်လုံခြုံမှု နောက်ပြီးတော့ E-Commerce စီမံခန့်ခွဲမှုအတွက် လုပ်ငန်းလမ်းညွှန်တွေကို တိုးတက်ကောင်းမွန်လာရေးအတွက်ဆိုပြီးတော့ ရည်ရွယ်ပြီးတော့ ဒီ E-Commerce ကို ဒီ Agreement မှာပါတဲ့အချက်တွေ ရှိပါတယ်။ ဒါက ဒုတိယအချက်။ ဒါတွေကို ဒီအခွင့်အရေး၊ အခွင့်အလမ်းတွေကို ကျွန်မတို့တိုင်းပြည်အနေနဲ့ တကယ့်ကိုအကျိုးရှိရှိ ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်ဖို့ဆိုရင် အခြေခံလိုအပ်ချက်က ကျွန်မတို့ ပြည်သူလူထုတွေကြားမှာ စီးပွားရေးလုပ်ငန်းတွေကြားထဲမှာ၊ အလုပ်အကိုင်တွေကြားထဲမှာ ကျွန်မတို့က ဒီ (Digital Literacy) ဆိုတာ ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနိုင်မှသာလျှင် ဒီအာဆီယံ အဝန်းဝိုင်းထဲမှာ ကျွန်မတို့ ဝင်ဆံ့ပြီးတော့ အခွင့်အလမ်းတွေကို ပြည့်ပြည့်ဝဝခံစားနိုင်မှာဖြစ်ပါတယ်။

နောက်ဆုံးတတိယအချက်ကတော့ STG Goal 4 ဖြစ်တဲ့ Quality Education မှာ အဲဒီမှာ ဘာပါလဲဆိုတော့ သူ့ရဲ့ ဒီ Indicator မှာ ၂၀၃၀ ခုနှစ်မှာ စွန့်ဦးတီထွင်မှုနှင့် ဂုဏ်သိက္ခာရှိသော အလုပ်အကိုင်အတွက် သင့်တော်သောအရည်အသွေးနဲ့ နည်းစနစ်ပိုင်းဆိုင်ရာ၊ အသက်မွေး ဝမ်းကြောင်းဆိုင်ရာ အရည်အသွေးရှိတဲ့ အရွယ်ရောက်သူလူငယ်အရေအတွက် ပုံမှန်တိုးတက်လာစေ ရန်ဆိုတဲ့အချက်တစ်ချက်ရှိတယ်။ နောက်တစ်ချက်က ဘာလဲဆိုရင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာတွေကို အသုံးချပြီးတဲ့အခါကျတော့ အလုပ်အကိုင်၊ အခွင့်အလမ်းတွေကို ဒီကျွမ်းကျင်တဲ့၊ အရွယ်ရောက်တဲ့လူငယ်တွေ အချိုးအစားမြင့်လာဖို့ရှိတယ်။ အဲဒါမှသာလျှင် ခုနက STG Goal 8 ဖြစ်တယ်။ Decent of an Economic Growth ကို ပို့ပြီးတော့ အထောက်အပံ့ဖြစ်နိုင် တယ်။ ဆိုတော့ ဒါကတော့ နောက်ခံအကြောင်းအရင်းဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်မတို့တစ်ချက် ပြန်ပြီးတော့ ကြည့်ကြည့်ရအောင်။ အဲဒီတော့ မြန်မာပြည်မှာ (Digital Literacy) အနေအထားက ဘယ်လိုရှိသလဲ။ အခု ပထမဆုံးအနေနဲ့ ဆွေးနွေးလိုတာကတော့ (Digital Literacy) ဆိုတာ ဘာလဲ ဆိုတာကို ကျွန်မတို့ အရင်ရှင်းပြချင်ပါတယ်။ (Digital Literacy) ဆိုတာ အခု ဒီဘက်ခေတ် Information သတင်းနှင့်နည်းပညာအချက်အလက် တကယ့်ကို ထွန်းကားလာတဲ့ခေတ်မှာ လိုအပ်တဲ့ အသိပညာ၊ အတတ်ပညာ၊ အရည်အသွေးတွေကို ရှာဖွေဖို့လို့အတွက်နဲ့ ရလာတဲ့သတင်းအချက် အလက်တွေကို ချိန်ဆတန်ဖိုးဖြတ်ဖို့နဲ့ ဖန်တီးနိုင်ရန်အတွက် သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာကို အသုံးပြုနိုင်တဲ့ စွမ်းရည်ရှိဖို့ဖြစ်တယ်။

နောက်တစ်ချက်က ဘာလဲဆိုလို့ရင် ဒီလူမှုအသိုင်းအဝိုင်းကြားထဲမှာ သတင်းနှင့်ဆက်သွယ်ရေး လမ်းကြောင်းတွေမှာ ဒီဂျစ်တယ်အသုံးအဆောင်နှင့် Platform တွေဖြစ်တဲ့ အင်တာနက်တို့ ပြီးတော့ လူမှုကွန်ယက်တွေ၊ မိုဘိုင်းဖုန်းပစ္စည်းကိရိယာတွေကို အသုံးပြုပြီးတော့မှ ဒီ Digital Age မှာ Survive ဖြစ်နိုင်အောင်၊ ရှင်သန်နိုင်အောင်၊ ရပ်တည်နိုင်အောင်၊ လေ့လာသင်ယူနိုင်စွမ်းနှင့် အလုပ်လုပ်ကိုင်စွမ်းရှိမှုကို ဒါ Digital စာတတ်မြောက်မှုလို့ ခေါ်ပါတယ်။ ကျွန်မတို့ နားလည်လွယ် အောင်ပြောရမယ်ဆိုရင် အရင်တုန်းက အသုံးလုံးတွေလိုပါပဲ။ ဒါ Digital အသုံးလုံးဟာ နိုင်ငံတိုင်း အတွက် အရေးတကြီးလိုအပ်နေတဲ့ အနေအထား ဖြစ်ပါတယ်။ အဲဒီတော့ Digital စာတတ်မြောက်မှု မှာ ဘာတွေပါလည်းဆိုလို့ရှိရင်တော့ နယ်ပယ်တွေကတော့ ကွန်ပျူတာနဲ့အလုပ်လုပ်နိုင်စွမ်း

နောက်ပြီးတဲ့ အခါကျတော့ အခုဆိုရင် ကွန်ပျူတာတွေနဲ့အလားသဏ္ဌာန်တူတဲ့ Performance တူတဲ့ Mobile Device တွေနဲ့ အလုပ်လုပ်နိုင်စွမ်း၊ နောက်ပြီးတော့ အွန်လိုင်းကနေပြီးတော့ ဆက်သွယ်နိုင်စွမ်း နောက်ပြီးတော့ အင်တာနက်ကိုသုံးတဲ့အခါမှာလည်း လုံခြုံစိတ်ချစွာနဲ့ အမျိုးသားအဆင့်လုံခြုံရေး ဆိုလို့ရှိရင်လည်း နိုင်ငံတော်လုံခြုံရေး၊ Personal တစ်ဦးချင်းရဲ့လုံခြုံရေး ဒီလိုလုံခြုံမှုတွေရှိရှိနဲ့ အသုံးပြုနိုင်တဲ့ စွမ်းရည်တွေရှိဖို့လိုတယ်။ နောက်ပြီးတော့ Online Resource တွေကို ဘယ်လိုရှာမလဲ။ နောက် Research တွေ၊ သုတေသနတွေကို Online ကနေ ဘယ်လိုလုပ်မလဲ။ နောက်ပြီးတော့ Hardware၊ Software တွေကို ဘယ်လိုအသုံးပြုမလဲဆိုတဲ့ အချက်အလက်တွေပါပါတယ်။ အဲဒီတော့ နိုင်ငံတစ်ခုချင်းဆီမှာတော့ National Framework တွေကို ရေးတဲ့အခါမှာ အကုန်လုံးပါတာလည်းရှိတယ်။ တချို့ကတော့ ကိုယ့်တိုင်းပြည်ရဲ့ရေခံ၊ မြေခံနှင့် ကိုက်ညီတဲ့ Framework တွေကို ရေးဆွဲကြတာ ဖြစ်ပါတယ်။

ဆိုတော့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဟာ ပြန်ပြီးတော့ချုံ့ရရင် မိုဘိုင်းဖုန်းသုံးစွဲမှုပမာဏ တိုးတက်လာတယ်။ ဒါပေမဲ့လည်း နိုင်ငံသားများဟာ Online ကိုလုံခြုံစွာ၊ ထိရောက်စွာ အသုံးပြုနိုင်ပုံ မရှိဘူး။ များသောအားဖြင့် ဒီ Social Media မှာပဲ သုံးပြီးတော့ အဲဒါကို အင်တာနက်လို့ထင်နေကြတဲ့ ထိအနေအထား ဖြစ်နေတယ်။ အဲဒီတော့ E-mail နဲ့ Facebook Account တွေကိုလည်း ကိုယ့် Password ကိုယ်တောင်မှ သူများကို ပြောပြတဲ့အနေအထားမျိုးအထိ တကယ့် (DigitalLiteracy) အားနည်းနေတဲ့ အခြေအနေမျိုးတွေလည်း တွေ့ရပါတယ်။ ဆိုတော့ အဲဒီ Cyber Security အတွက်ကို လုံခြုံမှုရှိတယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ အခု ကျွန်မတို့လက်ထဲမှာရောက်နေတဲ့ ၇၀ ရာခိုင်နှုန်းဖုန်းတွေဟာ Smart ဖုန်းတွေဖြစ်တယ်။ Smart ဖုန်းတွေဟာ ကွန်ပျူတာတစ်လုံးလိုပဲ စွမ်းဆောင်ရည်ရှိပေမဲ့လည်း အဲဒီစွမ်းဆောင်ရည်ကို အပြည့်အဝအသုံးမချနိုင်ဘူး။ နောက်တစ်ခုက ဘာလဲဆိုတော့ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရေးအခွင့်အလမ်းတွေအတွက် အထောက်အကူပြု အသုံးချနိုင်တဲ့အထိ ကိုယ့်လက်ထဲမှာရှိနေတဲ့ Device ပေါ့နော်။ အဲဒါကို အသုံးမပြုနိုင်ဘဲနဲ့ လူမှုကွန်ရက်မှာသာ အများစုအချိန်ကုန်နေတာဟာ တကယ့်တကယ်ကျတော့ အခုနကပြောတဲ့ E-Commerce အဝန်းအဝိုင်းသွားမယ့်အနေအထား၊ Digital Citizen လို့ပြောတဲ့ ကမ္ဘာ့အနှံ့အပြားမှာ ဆိုလို့ရှိရင်လည်း ဒီလို National Framework တွေ ရေးပြီးတဲ့အခါကျတော့ ကိုယ့်တိုင်းပြည်မှာရှိနေတဲ့ Population တော်တော်များများမှာ အခုနည်းပညာခေတ်ကြီးမှာ Survive ဖြစ်နိုင်ဖို့ လုပ်နေကြတဲ့နေရာမှာ ကျွန်မတို့က ဒီလို National Framework သာမရှိဘူးဆိုလို့ရှိရင် နောက်ကျကျန်ခဲ့မှာ ဖြစ်တယ်။ ဒီအာဆီယံကပေးနေတဲ့ အဝန်းအဝိုင်းမိသားစုထဲမှာပါဝင်နေသော်ငြားလည်းပဲ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေရော၊ စီးပွားရေးလုပ်ငန်းမှာရော၊ အလုပ်အကိုင်အခွင့်အလမ်းတွေမှာရော၊ ပညာရေးတွေမှာရော၊ Digital Age ကပေးတဲ့အကျိုးအမြတ်တွေကို ခံစားနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် မို့လို့ Digital Literacy Framework တွေထဲမှာလည်း နှစ်မျိုးရှိပါတယ်။ တချို့ Framework တွေကတော့ အစိုးရကနေပြီးတော့ Initiate လုပ်တယ်။ ကျွန်မဆိုလိုချင်တာက အစိုးရက Initiate လုပ်တဲ့ National Framework ကို ထူထောင်ပြီးတဲ့အခါကျတော့ နိုင်ငံတော်အဆင့် စီမံကိန်းတွေနဲ့ စီမံပြီးတဲ့အခါကျတော့မှ Digital Literacy Framework မူဘောင်ရေးဆွဲချ မှတ်ဖို့

လို့အတွက် အစိုးရအနေနဲ့ အခုအချိန်မှာ တွန်းတွန်းတိုက်တိုက်အင်အားထည့်ပြီးတော့ ဆောင်ရွက်နေဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးကနေပြီးတော့ လက်ခံပြီးတော့ဆွေးနွေးပေးပါရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဇင်မာအောင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်မှာ တင်သွင်းတဲ့ ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်ရဲ့ Digital Literacy သိနားလည်မှုအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့တိုးတက်ဖွံ့ဖြိုးနေတဲ့ခေတ်ကြီးမှာ မရှိမဖြစ်၊ မသိမဖြစ်ဖြစ်လာတဲ့အရာတွေဟာ ICT လို့ခေါ်တဲ့ သတင်းအချက်အလက်နဲ့ဆက်သွယ်ရေးနည်းပညာ၊ MIL လို့ခေါ်တဲ့ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု သင်ရိုးညွှန်းတမ်းများ၊ နောက် Media Literacy လို့ခေါ်တဲ့ မီဒီယာဆိုင်ရာသိနားလည်မှု၊ World Wide Web လို့ခေါ်တဲ့ ကမ္ဘာ့အင်တာနက်ကွန်ရက်များပါဝင်နေတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံသားတိုင်းဟာ သတင်းအချက်အလက် အခြေပြုလူ့ဘောင်မှာ အသက်အရွယ်မရွေးပါဝင်နေဖို့ မဖြစ်မနေ အရေးကြီးအချက်တစ်ချက်ဖြစ်တယ်လို့မြင်ရမှာ ဖြစ်ပါတယ်။ အင်တာနက်ကို အသုံးပြုသူတိုင်းဟာ မိမိနေ့စဉ်ဘဝများစွာ ပိုမိုတိုးတက်ကောင်းမွန်လာတဲ့အခွင့်အရေးများရှိလာမှာ ဖြစ်ပါတယ်။ သတင်းအချက်အလက်ကို ဒီဂျစ်တယ်ပုံပြောင်းပြီးတော့ သိုလှောင်သိမ်းဆည်းထားနိုင်တဲ့ စက်ပစ္စည်းမျိုးစုံနှင့် ရယူသုံးစွဲ ကြည့်ရှုခွင့်ရနိုင်မယ်။ သတင်းအချက်အလက်ပေါင်းများစွာဟာ လူပေါင်းများစွာထံကို အလွယ်တကူရောက်ရှိလာမှာ ဖြစ်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ကလေးသူငယ်များနှင့်လူငယ်များစွာတို့ဟာလည်းပဲ ဒီနည်းပညာနှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာပြီး အထူးအကျိုးရှိလာမှာ ဖြစ်ပါတယ်။ သို့သော် ထိခိုက်နိုင်ခြေလည်းရှိနေပြန်ပါတယ်။ အထက်ဖော်ပြပါဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခြိမ်းခြောက်မှုများနှင့် ပြဿနာများစွာကို ဖြစ်နိုင်ခြေဟာလည်းပဲ တွဲပြီးတော့ ပါလာတာကို တွေ့ရပါတယ်။ အချို့ဆိုရင် ဒီအန္တရာယ်များထဲ အွန်လိုင်းပုံရိပ်ယောင်တွေ ကမ္ဘာသက်သက်မှာသာမကပဲ ပြင်ပလက်တွေ့အန္တရာယ်များနှင့်သာ တစ်တွဲတည်းဖြစ်နေတာကိုလည်း တွေ့မြင်နေရပါတယ်။ အသက်မပြည့်သေးသူကလေးသူငယ်များအတွက် အကာအကွယ်နည်းလမ်းများဖန်တီးထားရှိခြင်းဟာလည်းပဲ ဆိုခဲ့တဲ့အန္တရာယ်တွေကို ကာကွယ်တဲ့နေရာမှာ အထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်။ သို့သော်လည်း အကာအကွယ်နည်းလမ်းများနှင့် စောင့်ရှောက်ရုံသက်သက်နဲ့ အသက်မပြည့်တဲ့ကလေးတွေအတွက် အင်တာနက်ကို တာဝန်သိစွာ၊ အန္တရာယ်ကင်းစွာ သုံးစွဲနိုင်မှာမဟုတ်ပါဘူး။ အင်တာနက်အသုံးပြုခြင်းနဲ့ပတ်သက်မယ့် မည်သည့်အန္တရာယ်ပြဿနာများရှိကြောင်း ပညာပေးခြင်းနှင့် ၎င်းတို့ကို ရှောင်ကြဉ်တတ်သော စွမ်းဆောင်ရည်များရရှိအောင် လေ့ကျင့်ပေးတဲ့အခုလို Digital Literacy သာလျှင် အကောင်းဆုံးနည်းလမ်းတစ်ခု

ဖြစ်ပါတယ်။ ကလေးသူငယ်လူရွယ်များသာမက လူလတ်၊ လူကြီးများပါ လုံခြုံမှုနှင့်ပတ်သက်ပြီးတော့ နည်းပညာရဲ့ အထောက်အပံ့ဟာ မရှိမဖြစ်၊ မသိမဖြစ်ကိစ္စဖြစ်ပေါ်လာနေတာ တွေ့ရပါတယ်။ အင်တာနက်ကို တာဝန်သိစွာ အသုံးပြုတတ်ရန်၊ ဆက်စပ်နေတဲ့အခွင့်အလမ်းများနှင့် အခက်အခဲ အန္တရာယ်များကို သဘောပေါက်ရန် သင်ကြားရာမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ ချမှတ်ပြီးတော့ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အဆင့်မြင့်ပညာရေး၊ လုပ်သားဈေးကွက် ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် Professional ICT သင်တန်းတွေမှာ Digital Literacy အခန်းကဏ္ဍဟာ အထူးအရေးကြီးအချက်တစ်ခုဖြစ်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ယခု ကျွန်တော်တို့မြန်မာနိုင်ငံမှာ မီဒီယာပြန့်နှံ့မှုနှုန်းဟာ ၂၀၁၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ စစ်တမ်းအရ ရေဒီယိုက ၃၅ ရာခိုင်နှုန်း၊ ရုပ်သံက ၂၃ ရာခိုင်နှုန်း၊ သတင်းစာက ၁၂ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အခု နိုင်ငံပိုင်သတင်းစာဆိုရင် တစ်နေ့ကို အစောင်ရေ သုံးသိန်း၊ ပုဂ္ဂလိက သတင်းစာ အစောင်ရေတစ်သိန်း ထုတ်လုပ်ဖြန့်ချိနေတာ တွေ့ရပါတယ်။ ဒါကို ကြည့်မယ်ဆိုရင် လက်ရှိ လူဦးရေစာရင်းနဲ့ ယှဉ်ကြည့်ရင် အင်မတန်နည်းနေတာကို တွေ့ရပါတယ်။ အလားအလာကောင်းလာ တာကတော့ Online Digital Platform ပဲဖြစ်ပါတယ်။ Mobile ဖုန်းကို ၁၈ သန်းနှင့်အထက် အသုံးပြုနေတာဖြစ်ပြီးတော့ လူဦးရေရဲ့ ၅၁ သန်းမှာ အင်တာနက်သုံးသူ ၁၄ သန်းလောက်ရှိနေတာကို တွေ့နေရပါတယ်။

သတင်းထုတ်လွှင့်မှုမှာ ထူးခြားမှုတစ်ခုအရ သတင်းသဘာဝအရ အပေါင်းလက္ခဏာဘက် မဟုတ်ဘဲနဲ့ အနုတ်လက္ခဏာဘက်ကို ပိုများနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ပြဿနာ ဖြစ်ပေါ်မှုအပေါ်မှာမူတည်ပြီးတော့ ဖြစ်နေတဲ့ သတင်းများဖြစ်ပါတယ်။ နောက်တစ်ခုက ဆိုက်ဘာ လုံခြုံရေးကိစ္စဖြစ်ပါတယ်။ သတင်းအချက်အလက်တွေကို ခွင့်ပြုချက်မရဘဲနဲ့ ခိုးယူတာတွေ၊ အသုံးပြု မယ့်သူများ အသုံးမပြုနိုင်အောင် ဟန့်တားလုပ်ဆောင်တာတွေ၊ ကွန်ပျူတာဗိုင်းရပ်စ်တွေ ဖြန့်ဖြူး ပြန့်ပွားစေတာတွေ၊ ခွင့်ပြုချက်လိုင်စင်မရှိဘဲ အသုံးပြုတာတွေ၊ ခြိမ်းခြောက်ငွေညှစ်ယူခြင်း၊ Credit Card နံပါတ်များကို ခိုးယူခြင်း၊ အရေးကြီးစီးပွားရေးဆိုင်ရာအချက်အလက်တွေကို ခိုးယူတာတွေ၊ အပြောင်အပျက်သဘောနဲ့ လှည့်ဖျားတာတွေ၊ အင်တာနက်၊ E-mail အစရှိတဲ့ မီဒီယာကို အသုံးပြုပြီး နောက်ယောင်ခံလိုက်ခြင်း၊ မကောင်းသတင်းလွှင့်ခြင်း၊ အသရေဖျက်ခြင်း၊ Bank Server တွေမှာ သုံးစွဲပြီးတော့ အကောင့်တွေကို မသိအောင် ထုတ်ယူပြီးတော့မှ ဆော့စ်ဝဲတွေထည့်တယ်။ ငွေခိုးထုတ် တာတွေ။ ဒါတွေကို အကာအကွယ်ပေးဖို့ ဆိုက်ဘာလုံခြုံရေးက အရေးကြီးနေပါတယ်။ ဒါက နေတစ်ဆင့် ဥပဒေများ၊ နည်းဥပဒေများ ရေးဆွဲထုတ်ပြန်ပြီး နည်းပညာကို အခြေခံတဲ့လုပ်ငန်းများ ဖြစ်အောင် နိုင်ငံတော်ကနေပြီးတော့ ဆောင်ရွက်ပေးဖို့ အရေးကြီးတဲ့အခန်းကဏ္ဍဖြစ်နေတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဆောင်ရွက်ရန် ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ နည်းပညာ တွေ၊ လက်တွေ့ကျင့်သုံးရန် နည်းလမ်းကောင်းတွေအသုံးပြုရန် လိုအပ်နေတယ်ဆိုတာကို ထောက်ပြ လိုပါတယ်။

မြန်မာနိုင်ငံမှာ ဒီဂျစ်တယ်စီးပွားရေးစနစ်တည်ဆောက်အကောင်အထည်ဖော်ရန် ဒါကို အကောင်အထည်ဖော်လာနိုင်တဲ့အခါမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုနှင့် အသေးစား၊

အလတ်စားစီးပွားရေးလုပ်ငန်းတွေမှာ ဒီဂျစ်တယ်နည်းပညာကို အသုံးပြုတော့မှာ ဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်ဖို့ Digital Literacy ဟာ လိုအပ်တဲ့အရာတစ်ခု မုချဖြစ်လာမှာ ဖြစ်ပါတယ်။ Digital Financial Service Mobile Phone ပေးချေတဲ့ငွေချေစနစ်ဟာ ဒီဂျစ်တယ်စီးပွားရေး တည်ဆောက်ရန် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးအခြေခံလိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ဒီဂျစ်တယ် ဘဏ္ဍာရေးဝန်ဆောင်မှုကြောင့် ကမ္ဘာတစ်ဝန်းမှာ ငွေစက္ကူလျော့သုံးစနစ်ကနေ ငွေစက္ကူအစားထိုး ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုကို သုံးစွဲတဲ့စနစ်ကို ပြောင်းလဲနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကို ပြောင်းလဲနိုင်ရင် ပြည်သူတွေရဲ့စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများအတွက်ရော ကောင်းကျိုးရလဒ်များ ရနိုင်မှာဖြစ်ပါတယ်။ ဒီဂျစ်တယ်ငွေပေးချေမှုကို အသုံးပြုခြင်းကြောင့် လူအား၊ အချိန်၊ ငွေ၊ အရင်းအမြစ်များကို သက်သာစေတဲ့အပြင် ငွေစက္ကူကိုင်တွယ်အသုံးပြုခြင်းကြောင့် ဖြစ်လာရတဲ့ပြဿနာတွေ၊ မှုခင်းတွေကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဘဏ်ခွဲနည်းပါးတဲ့ ကျေးလက်ဒေသမှာဆိုရင် အဲဒီပြည်သူလူထုတွေအတွက် အခက်အခဲမရှိဘဲ အထူးကောင်းမွန် သက်သာလာစေမှာ ဖြစ်ပါတယ်။ ဒီဂျစ်တယ်ငွေပေးချေမှုဖွံ့ဖြိုးရင် တိုင်းပြည်ရဲ့ GDP တိုးတက်မှု၊ အလုပ်အကိုင်တိုးတက်မှုနှင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တက်လာပြီးတော့ စီးပွားရေးကိုပါ ကောင်းစွာ သက်ရောက်မှာဖြစ်ကြောင်း စစ်တမ်းများတွေ့ရှိချက်အရ တွေ့ရထားတာ ရှိပါတယ်။ ဒါကြောင့် မို့လို့ ပြည်သူအန္တရာယ်ကင်းအောင် ဒီဂျစ်တယ်ရပ်ဝန်းဝန်ဆောင်မှုများကို ပိုမိုသဘောပေါက်နားလည် လာစေရန်၊ ယုံကြည်မှုရှိလာစေရန်၊ ဒီဂျစ်တယ်အခြေခံအသိပညာများကို ပြည်သူများအတွင်းသို့ ရောက်ရှိအောင် ဖြန့်ဝေပညာပေးရန် အရေးတကြီးလိုအပ်နေချိန်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒီဂျစ်တယ်စနစ်ဆိုင်ရာ သိနားလည်မှု Digital Literacy ကို အရှိန်အဟုန်မြှင့်တင် နိုင်ရန်အတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် Digital Literacy Framework မူဘောင်ရေးဆွဲချမှတ် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်၌ ဆွေးနွေး နိုင်ပါရန် ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ဇင်မာအောင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းသော ဒစ်ဂျစ်တယ်စာတတ်မြောက်မှု(Digital Literacy)အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework)မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

## ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၉-၁-၂၀၁၉ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ (၁၁-၁၂-၂၀၁၈ ရက်) အင်္ဂါနေ့တွင် လွှတ်တော်သို့ လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၃-၁၂-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းထားပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဦးအောင်လှိုင်ဝင်းနဲ့ သက်ဆိုင်ရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁၄၇)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၁၀၈)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၄၇)ချက်ကို ဥပဒေကြမ်း ကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွား မှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၁၈-၁-၂၀၁၈ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၁၅-၂-၂၀၁၈ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သည့် ၁၁-၁၂-၂၀၁၈ ရက်နေ့ (အင်္ဂါနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၃-၁၂-၂၀၁၈ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်က ပြင်ဆင်ချက်အဆိုတင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း (မင်္ဂလာဒုံမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ် ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တို့မှ တာဝန်ပုဂ္ဂိုလ်များနှင့်အတူ ၂၂-၁-၂၀၁၉ ရက်(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များ အနက် ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် လွှတ်တော်သို့ တင်ပြခဲ့သည့် ကန့်လန့်ဖြတ်ဇယားအတိုင်း အချက် (၁၄၇)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် (၁၄၇)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|
| (က) | အခန်း(၁)ခေါင်းစဉ်၊ အပိုဒ် ၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဇ)၊ အဆိုပြုပြင်ဆင်ရန်ချက် အပိုဒ်ခွဲ(င)ကိုပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ည)(ဋ)(ဌ)(ဍ)နှင့် (ဎ)၊ အပိုဒ်ခွဲ(ထ)(ဒ)(ဓ)(န)(ပ)နှင့် (ဖ) |
| (ခ) | အခန်း(၂)ခေါင်းစဉ်၊ အပိုဒ် ၃ |
| (ဂ) | အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၂)နှင့် (၃)၊ အပိုဒ်ခွဲငယ်(၆)(၇)(၈)နှင့် အပိုဒ်ခွဲ(ခ)၊ အဆိုပြုပြင်ဆင်ရန်ချက် အပိုဒ်(ခ)နှင့်(ဂ)တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ဃ)နှင့် (င)၊ အပိုဒ်ခွဲ(ဇ) |
| (ဃ) | အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)နှင့်(၂)၊ အပိုဒ်ခွဲငယ်(၄)(၅)(၆)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)(ဃ)နှင့်(င)၊ အပိုဒ်ခွဲ(ဇ)(ဈ)နှင့် (ည)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဏ) |
| (င) | အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အဆိုပြုပြင်ဆင်ရန်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)နှင့် (ဍ)တို့ကို ပယ်ဖျက်ခြင်း |
| (စ) | အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ |
| (ဆ) | အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က)နှင့် ရှင်းလင်းချက်၊ အပိုဒ်ခွဲ(ဂ) |
| (ဇ) | အခန်း ၈ ခေါင်းစဉ်၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ် (၁)နှင့်(၂)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၆)(၇)(၈)အပိုဒ်ခွဲ(ခ)(ဂ)နှင့်(ဃ) |
| (ဈ) | အခန်း(၉)ခေါင်းစဉ်၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)(၂)နှင့် (၃) |
| (ည) | အခန်း(၁၀)ခေါင်းစဉ်၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉ |

**မူကြမ်း**

| | |
|---|---|
| (ဋ) | အခန်း(၁၁)ခေါင်းစဉ်၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၄)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇ ခြေဆင်း၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(င) |

| စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|
| (ဌ) | အခန်း(၁၂)ခေါင်းစဉ်၊ အပိုဒ် ၄၆ |
| (ဍ) | အပိုဒ် ၄၈ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅၀ |
| (ဎ) | အခန်း(၁၄)ခေါင်းစဉ်၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၅၄ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(စ)နှင့်(ဆ)၊ အပိုဒ် ၅၅ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ) |
| (ဏ) | အခန်း(၁၅)ခေါင်းစဉ်၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၅ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(က)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၇ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း |
| (တ) | အခန်း(၁၆)ခေါင်းစဉ်၊ အပိုဒ် ၆၀၊ အပိုဒ် ၆၄ |
| (ထ) | အခန်း(၁၇)ခေါင်းစဉ်၊ အပိုဒ် ၆၅ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၇၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၂ အပိုဒ်ခွဲ(က)နှင့် (ခ) |
| (ဒ) | အခန်း(၁၈)ခေါင်းစဉ်၊ အပိုဒ် ၇၅၊ အပိုဒ် ၇၇၊ အပိုဒ် ၇၉ |
| (ဓ) | အခန်း(၁၉)ခေါင်းစဉ်၊ အပိုဒ် ၈၀ အပိုဒ်ခွဲ(က)(ခ)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၄)အပိုဒ်ခွဲ(ဂ) နှင့်(ဃ)၊ အပိုဒ် ၈၁၊ အပိုဒ် ၈၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၈၄ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၈၅ အပိုဒ်ခွဲ (က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၆၊ အပိုဒ် ၈၇ အပိုဒ်ခွဲ(ဂ) |
| (န) | အခန်း(၂၀)ခေါင်းစဉ်၊ အပိုဒ် ၈၉၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂ |
| (ပ) | အခန်း(၂၁)ခေါင်းစဉ်၊ အပိုဒ် ၉၃ အပိုဒ်ခွဲ(ခ) |
| (ဖ) | အခန်း(၂၂)ခေါင်းစဉ်၊ အပိုဒ် ၉၅ အပိုဒ်ခွဲ(က)(ခ)(ဂ)နှင့်(ဃ) |
| (ဗ) | အခန်း(၂၃)ခေါင်းစဉ်၊ အပိုဒ် ၉၇ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ် ၉၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၉၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် |

| | |
|---|---|
| | ၉၉ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၁၀၀ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ်(၁)နှင့်(၂)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၁၀၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄ |
| (ဘ) | အခန်း(၂၄)ခေါင်းစဉ်၊ အပိုဒ် ၁၀၅ အပိုဒ်ခွဲ(ခ)(ဂ)နှင့်(ဃ) |
| (မ) | အခန်း(၂၅)ခေါင်းစဉ်၊ အပိုဒ် ၁၀၇၊ အပိုဒ် ၁၀၉၊ အပိုဒ် ၁၁၁၊ အပိုဒ် ၁၁၂၊ အပိုဒ် ၁၁၃၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၄၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၅၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၆၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၇၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၈၊ အပိုဒ် ၁၁၉ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏အတည်ပြုချက် (၁၄၇)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁၄၇)ချက်ကို ဥပဒေကြမ်းကော်မတီ က သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၁၄၇)ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်း ကော်မတီက သဘောတူထားသည့် (၁၄၇)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ခ)အရ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် (၁၀၈)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသားလွှတ်တော်၏အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်မှာ (၁၀၈)ချက်ဖြစ်ပါတယ်။

**မူကြမ်း**

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၀၈)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|
| (က) | ဥပဒေခေါင်းစီး၊ အပိုဒ်(၁) အပိုဒ်ခွဲ(ခ)၊ အပိုဒ်(၂) အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)နှင့် (င)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဏ)နှင့် (တ) |
| (ခ) | အပိုဒ် ၄ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၄)နှင့် (၅)၊ အပိုဒ် ၅ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(စ)နှင့်(ဆ) |
| (ဂ) | အပိုဒ် ၆ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(စ)နှင့်(ဆ)၊ အပိုဒ်ခွဲ(ဋ)နှင့်(ဌ)၊ အပိုဒ်ခွဲ(ပ)၊ |
| (ဃ) | အပိုဒ် ၉ ခြေဆင်း အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) |
| (င) | အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)နှင့်ရှင်းလင်းချက် |
| (စ) | အပိုဒ် ၁၄ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၅) |
| (ဆ) | အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)ခြေဆင်း၊ အပိုဒ်ခွဲ(ဃ)နှင့်(င) |
| (ဇ) | အပိုဒ် ၂၁၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ) |
| (ဈ) | အပိုဒ် ၃၀၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂)နှင့်(၃)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(က)(ခ)(ဂ)နှင့်(ဃ) |
| (ည) | အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ |
| (ဋ) | အခန်း(၁၃)ခေါင်းစဉ်၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ) |

**မူကြမ်း**

| | |
|---|---|
| (ဋ) | အပိုဒ် ၅၂ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄ အပိုဒ်ခွဲ(ဃ)နှင့်(င)၊ အပိုဒ် ၅၅ အပိုဒ်ခွဲ(ဃ) |
| (ဌ) | အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ) |
| (ဎ) | အပိုဒ် ၆၀၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃ |
| (ဏ) | အပိုဒ် ၆၅ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၄)နှင့်(၅)၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၉ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၇၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂ ခြေဆင်း၊ အပိုဒ် ၇၃ |

| **စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|
| (တ) | အပိုဒ် ၇၄၊ အပိုဒ် ၇၆၊ အပိုဒ် ၇၈ |
| (ထ) | အပိုဒ် ၈၀ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၈၂ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၈၃၊ အပိုဒ် ၈၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၈၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၈၇ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၈၈ |
| (ဒ) | အပိုဒ် ၉၀ |
| (ဓ) | အပိုဒ် ၉၃ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၉၄ |
| (န) | အပိုဒ် ၉၅ အပိုဒ်ခွဲ(င) |
| (ပ) | အပိုဒ် ၉၆၊ အပိုဒ် ၉၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂) အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ဂ)(ဃ)နှင့်(င)၊ အပိုဒ် ၉၈ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၂)ကို အဆိုပြုပြင်ဆင်ချက်အတိုင်းထားရှိခြင်း၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၉၉ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၀၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂)နှင့် အပိုဒ်ခွဲ(ခ)ခြေဆင်း၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၀၄ ကိုပယ်ဖျက်ခြင်း |
| (ဖ) | အပိုဒ် ၁၀၅ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၀၆၊ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၀၈ ကိုပယ်ဖျက်ခြင်း |
| (ဗ) | အပိုဒ် ၁၀၈၊ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၀၂ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၁၀ |

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၀၈)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် (၁၀၈)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၀၈)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ (၂၈.၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



Dr Myo Thein Gyi



U Myo Nyunt

pyithu.hluttaw.mm



Dr Myo Thein Gyi



U Tin Nu (or) U Tin Nu Aung

pyithu.hluttaw.mm



Dr Myo Thein Gyi



U Saw Kyaw Win Maung

pyithu.hluttaw.mm



Dr Myo Thein Gyi



U Aung Khin Win

pyithu.hluttaw.mm



Dr Myo Thein Gyi



U Stiphen

pyithu.hluttaw.mm



U Than Htay



U Tin Aye

pyithu.hluttaw.mm



U Than Htay



U Tin Aye

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်